အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါဘုရင်မင်းမြတ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၇

၂၀၀၄ခုနှစ် ဇူလိုင် ၇ရက်၌ ကျရောက်သော နီပေါနိုင်ငံဘုရင်မင်းမြတ် မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာဘီ၊ ဘီခရမ်ရှားဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံစစ်သံမှူးများအားလက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံစစ်သံမှူး Col. Hideaki Kitahara နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Yoshihiko Izaki တို့အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံစစ်သံမှူး Col. Hideaki Kitahara နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Yoshihiko Izaki တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏အကြံပြုချက်စာတမ်း ဆက်လက်ဖတ်ကြားတင်ပြ

ရန်ကုန် ဇူလိုင် ၆

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ခုဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဆက်လက် ဖတ်ကြားတင်ပြကြသည်။

ကိုယ်စားလှယ်များတက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ■

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

ထူးချွန်ထက်မြက်သော ပညာရှင်များ ပေါ်ထွန်းရေး ပညာရေးကဏ္ဍက စဉ်ဆက်မပြတ် ကြိုးပမ်း စွမ်းဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာသိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသား စွမ်းဆောင်ရည် အစဉ်ထာဝရ ထက်မြက်မြင့်မားနေစေရန် သိပ္ပံနှင့်နည်းပညာနယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်နှင့် အစဉ်အမြဲ လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် ၁၉၈၈ခုနှစ်မတိုင်မီကာလက အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာက ယခုအခါ ၁၅၆ခုအထိ ပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။

ထို့အပြင် ၁၉၈၈ခုနှစ်က ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားရေးအစီအစဉ် ၅၉ မျိုးသာရှိခဲ့ရာ ယခုအခါပုံမှန် သင်တန်းများတွင် သင်ကြားရေးအစီအစဉ် ၁၅၇ မျိုး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများတွင် သင်ကြားရေးအစီအစဉ် ၁၆၀ နီးပါး ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီဖြစ်သည်။

သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေရေး၊ နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှု နည်းပညာရပ်များ တိုးတက်ထွန်းကားစေရေးနှင့် အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရေးတို့အတွက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခုအခါ Electronic Data Broadcasting စနစ်ကို အခြေခံသည့် e-Learning Centre ၅၁ခု၊ Computer Training Centre ၁၄၃ခု၊ e-Education Resource Centre ၄၉ခု တက္ကသိုလ်နှင့်ကောလိပ်များတွင် ဖြန့်ကြက် တည်ထောင်ထားပြီး ဖြစ်သကဲ့သို့ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအကြား ကွန်ပျူတာကွန်ရက်များလည်း ချိတ်ဆက်ပေးထားပြီဖြစ်သည့်အတွက် e-mail, Internet, Intranet, Video Conferencing စနစ်များအပြင် အချို့သော ပညာရပ်များကို Web-based Teaching System ခေါ်သည့် Online စနစ်ဖြင့် သင်ကြားပေးနိုင်နေပြီဖြစ်သည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာ ပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၃ရက်နေ့ မွန်းလွဲပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာ၌-

"ယင်းကဲ့သို့ တစ်နိုင်ငံလုံးတွင် ကွက်လပ်မကျန်အောင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီး အဆင့်မြင့်ပညာလေ့လာသင်ယူနိုင်သည့် နိုင်ငံတကာအဆင့်မီပညာရေး ဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းနေပြီဖြစ်သော အခြေအနေ အချိန်အခါကောင်းတွင် တက္ကသိုလ် ဆရာ၊ ဆရာမများအားလုံးက ဖြစ်ထွန်းနေပြီဖြစ်သော အခြေခံကောင်းများကို ပိုမို ထိရောက် အကျိုးရှိစွာအသုံးပြုပြီး နိုင်ငံတော်၏ အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း"

ပြောကြားသွားသည်။

သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည် မြင့်မားသော လူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

ဤစိတ်ဓာတ်နှင့်စွမ်းအားများ မိမိနိုင်ငံသူ နိုင်ငံသားများ၌ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍကပါ တာဝန်ယူဆောင်ရွက်သွားရမည့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ် ဆရာ ဆရာမများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည်ထူးချွန် ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးအတွက် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၇-၇-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Clothing (ပထမနှစ် အင်္ဂလိပ်စာအထူးပြု)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း-၄)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ဆရာတော်ဘုရားကြီး၏စေတနာ လူငယ်များ အတွက် ဗုဒ္ဓဘာသာ"
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားဓားသမား"** (အပိုင်း-၁၇)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၆

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီးဒေါ်စန်းစန်းမြင့်တို့အားအမှူးထား၍ ပို့ဆောင်ရေးဝန်ကြီး ဌာန သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၄ ရက်နံနက်ပိုင်းက ဒဂုံမြို့နယ် ဓမ္မရက္ခိတ ကုန်းမြေရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီး ဒေါ်စန်းစန်းမြင့်၊ ဒုတိယဝန်ကြီးဦးဖေသန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဌာနအကြီးအကဲများ၊ ဇနီးများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်ဇနီးတို့အမှူးပြုသော ပရိသတ်များက သာသနဓဇသီရိပဝရဓမ္မာစရိယ စာချဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ ကိုးပါးသီလခံယူကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီး ဒေါ်စန်းစန်းမြင့်တို့က ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဝန်ကြီး၏ ဇနီး၊ ဒုတိယ ဝန်ကြီး၏ဇနီး၊ အထူးအရာရှိ၏ ဇနီးနှင့်ဌာန အကြီးအကဲများ၏ ဇနီးများက သီလရှင်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားချီးမြှင့်ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲကို ဇူလိုင် ၄ ရက်က ဓမ္မာရုံတွင် ကျင်းပရာ အလှူရှင် ဂေါပကအဖွဲ့ဝင် ဦးအေးစုမိသားစုက ဘုရားကြီးတွင် အသုံးပြုရန်အတွက် ဖုန်စုပ်စက် တစ်လုံး လှူဒါန်းရာ အလှည့်ကျ ဂေါပက ဦးစောလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(၁၂၉)

ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲ စာမူများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၆

ပခုက္ကူမြို့မှ စေတနာရှင်ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းထားသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ကာ ၁၉၉၃ ခုနှစ်မှ စတင်ပြီး စာမူပြိုင်ပွဲများကို ခေါ်ယူ၍ နှစ်စဉ်ဆုများ ရွေးချယ်ချီးမြှင့်လျက်ရှိရာ ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲတွင် စာမူများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ် နှိုးဆော်ထားသည်။

ပခုက္ကူဦးအုံးဖေ စာမူဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသန စာပေဟူ၍ ပြိုင်ပွဲဝင်စာမူ အမျိုးအစားငါးမျိုး၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

စာမူပြိုင်ပွဲ နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၂၀၀၆ခုနှစ် စက်တင်ဘာ ၃၀ရက်ဖြစ်ပြီး ဆုရစာမူများကို ယခုနှစ်ကုန်တွင် ကြေညာ၍ နှစ်ဆန်းတွင် ဆုပေးပွဲကို ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပခုက္ကူဦးအုံးဖေစာမူဆု ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊စာတည်းမှူးချုပ်၊ ရန်ကုန်မြို့ အမှတ် (၅၂၉)ကုန်သည်လမ်း စာပေဗိမာန်တွင် ဝယ်ယူနိုင်ပြီး နယ်မှစာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုး ငွေကျပ် ၄၀ပေးပို့၍ အထက်ပါ လိပ်စာအတိုင်း မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံစစ်သံမှူး Col. Hideaki Kitahara အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Yoshihiko Izaki အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတက်ရောက်၍ အလှူငွေများ လက်ခံသည်။

တက်ရောက်

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ ဦးဝင်းအောင်-ဒေါက်တာမိုးမြ မိသားစုက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံအတွက် ငွေကျပ် ၁၂၁၄ သိန်းကို လည်းကောင်း၊ တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဦးကိုကိုထွေးမိသားစုက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ငွေကျပ် ၂၆ သိန်း တန်ဖိုးရှိ ပရိဘောဂများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်မည့် လှိုင်မြို့နယ် မူကြိုကျောင်းအတွက် အဂ္ဂမဟာသီရိသုဓမ္မဓဇ ဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာတင်စိုးလင်း၊ သမီး ပွင့်မာခိုင် သားသမီးမြေးတစ်စု(ရွှေပုဇွန်မိသားစု)က ငွေကျပ်သိန်း ၁၂၀ ကို လည်းကောင်း၊ Summit Parkview Hotel မှ ငွေကျပ် ၂၂ သိန်းကိုလည်းကောင်း၊ MK Co., Ltd မှ ဦးလှဝင်းနှင့်ညီမ ဒေါ်ကြည်ကြည်မေတို့က ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ကလေးရုပ်အင်္ကျီအထည် ၃၈၀ နှင့် Top Country ပေါင်ဒါဘူး ၁၂၀၀ ကို လည်းကောင်း၊ မင်းဇာနည်ကုမ္ပဏီလီမိတက်မှ ဦးညိုမင်း-ဒေါ်ဥမ္မာလွင်တို့က ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ Nu Life International Co., Ltd. မှ ငွေကျပ် ၈၄၀၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို လည်းကောင်း၊ မြင့်မဟာကုမ္ပဏီလီမိတက်မှ ငွေကျပ် ၂၇၂၇၅၀ တန်ဖိုးရှိ ဘီတာဒိုင်း ဆေးရည်များကိုလည်းကောင်း၊ Mo Asia Co., Ltd. မှ ဒေါ်ဖြူတီကြည်က ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနအတွက် ငွေကျပ်ငါးသိန်းကျော် တန်ဖိုးရှိ Dumex နို့မှုန့်ဘူးများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကြည့်ရှုလေ့လာ

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းပွဲအပြီးတွင် အလှူရှင်များသည် ခန်းမအတွင်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဓဇ ဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာတင်စိုးလင်း၊ သမီး ပွင့်မာခိုင် သားသမီးမြေးတစ်စု(ရွှေပုဇွန်မိသားစု)က ငွေကျပ်သိန်း ၁၂၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ လက်ခံစဉ်။ (သတင်းစဉ်)

ပန်းတိုင်အရောက်သွားကြမယ်

☆ သမိုင်းရဲ့ စာမျက်နှာသစ်
ဖွင့်လှစ်ခဲ့တယ်
ပြည်နယ် ပြည်မ
ဘဝအလွှာ
စုံညီစွာနဲ့
ယုံကြည်ရာညှိနှိုင်း
တိုင်းရင်းသားအားလုံး
စည်းလုံးမှုကိုဖော်ညွှန်း
မော်ကွန်းထိုးတဲ့
အမျိုးသားညီလာခံ
မှန်ကန်တဲ့ဦးတည်ချက်နဲ့
ခရီးဆက်တယ်
တက်ညီလက်ညီ
ရှိကြသည်မှာ
ဒို့ပြည်ကိုဒို့ပိုင်
ဒို့နိုင်ငံအကျိုးစီးပွား
ဒို့အင်အားနဲ့တည်ဆောက်
ဒို့ဖောက်တဲ့လမ်း
ဘယ်လောက်ကြမ်းကြမ်း
နောက်မဆုတ်တမ်း၊ မရှုံ့တမ်း
ပန်းတိုင်အရောက်သွားကြမယ်။

☆ နိုင်ငံတော်ရဲ့ အနာဂတ်
ကျွန်ဇာတ်မသွင်းရေး
သွေးရင်းသားရင်း
အချင်းချင်းတိုင်ပင်
အမြင်ချင်းနီးနှော
သဘောအယူအဆ
အတူတကွဆွေးနွေး
စည်းဝေးဆုံးဖြတ်
ချမှတ်တဲ့အခြေခံမူ
တူရူမျှော်မှန်း
လျှောက်တဲ့လမ်းက
ပန်းတိုင်အရောက်သွားကြမယ်။ ။

(အမျိုးသားညီလာခံကိုဂုဏ်ပြုလျက်)

ကေတုနီလာ

မြန်မာ့ရုပ်မြင်သံကြား

၇-၇-၂၀၀၆
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော် မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	လမူးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Learning English the Easy and Happy Way for Children and Beginners
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	သီချင်းကြီးပဒေသာ
၁၇း၄၅	၈။	"စက်မှုတပ်ဆင် လုပ်ငန်းခွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)
၁၇း၅၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀	၁၀။	Discovery
၁၈း၁၀	၁၁။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉း၂၀	၁၅။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၆။	ရခိုင်ပြည်နယ်(အပိုင်း-၁)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာ့ဓလေ့ (ဝါဆိုလဘွဲ့များ) (စိန်ဗိုလ်တင့် စီစဉ်တင်ဆက်သည်)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၅-၇-၂၀၀၆

စစ်တွေမြို့	၁ ဒသမ ၈၁ လက်မ
ပူတာအိုမြို့	၄ ဒသမ ၀၆ လက်မ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်များ

၆-၇-၂၀၀၆

ရန်ကုန်မြို့လယ်	၀ ဒသမ ၃၅ လက်မ
ကမ္ဘာအေး	၀ ဒသမ ၄၄ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၇၁ လက်မ

အမျိုးသားညီလာခံဂုဏ်ပြု စေတနာရှင်များ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၊ လှူဒါန်းငွေများလက်ခံ

ရန်ကုန် ဇူလိုင် ၆

အမျိုးသားညီလာခံကိုယ်စားလှယ်များက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အလှူငွေများလှူဒါန်းပွဲ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်ခံရသည့်အတွက် မိမိပိုင်လုပ်ငန်းများ အများအပြားထိခိုက်ပျက်စီးသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပလျက်ရှိသည့် ပြည်ထောင်စုခန်းမဦး ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စေတနာရှင်များ၏ လှူဒါန်းငွေများကို လက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ အလှူရှင် များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းပေး

အစီအစဉ်အရ အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များဖြစ်ကြသော မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းက ငွေကျပ် ၁၀သိန်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းက ငွေကျပ် ၁၀သိန်း၊ အရဏ်ဦး ဆောက်လုပ်ရေးမှ ဦးဇော်ဝင်းက ငွေကျပ် ၁၀သိန်း၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့မှ ပဒိုဦးအောင်ဆန်းက ငွေကျပ် နှစ်သိန်းနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)က ငွေကျပ်၂၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍စေတနာရှင်များဖြစ်ကြသော ရွှေကျားပျံ ဆောက်လုပ်ရေးမှ ဦးကျော်ညွှန့်နှင့်ဒေါက်တာဇော်ထွန်း၊ မြန်မာ့အလှဆောက်လုပ်ရေးမှ ဦးမြတ်မင်း၊ Golden Flower ဆောက်လုပ်ရေးမှ ဦးအောင်ထွေး၊ (A.1)ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးရန်ဝင်း၊ ရွှေသံလွင် ဆောက်လုပ်ရေးမှ ဦးမိုးကျော်သူ၊ ကြံ့ခိုင်တံ ဆောက်လုပ်ရေးမှ ဒေါက်တာကိုကိုနှင့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ငါးသိန်းစီ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ငွေကျပ် ၃၈၀၀၀၀ တန်ဖိုးရှိ မောင်မောင်လှိုင်(အပ်စိုက်ကု) 'ကျန်းကျန်းမာမာ အသက်တစ်ရာ'စာအုပ် ၁၀၇၇ အုပ်တို့ကို ပေးအပ် လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် က လက်ခံပြီး စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေး အပ်သည်။

ထို့နောက် စေတနာရှင်များဖြစ်ကြသော Htoo Trading မှ ဦးတေဇက ငွေကျပ် ၁၀သိန်း၊ ဟိန်းဆောက်လုပ်ရေးမှ ဦးခင်မောင်လွင်၊ KY Kyaw Kyaw ဆောက်လုပ်ရေးမှ ဦးကျော်ကျော်၊ Asia Winner Industrial Co., Ltd. မှ ဦးအောင်နိုင်၊ Mother Land ဆောက်လုပ်ရေးမှ ဦးတင်မြင့်၊ ကျော်ညွှန့်နှင့် ညီများ သံရောင်းဝယ်ရေးမှ ဦးကျော်လင်း၊ United Commercial Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမြင့်နှင့် ရှိုင်း ဆောက်လုပ်ရေးမှ ဦးအောင်ဇော်ဝင်း တို့က ငွေကျပ်ငါးသိန်းစီ ပေးအပ် လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍စေတနာရှင်များဖြစ်ကြသော ဝါဝါဝင်းဆောက်လုပ်ရေးမှ ဦးမြင့်ဇော်က ငွေကျပ် ငါးသိန်း၊ နိုင်ဂရုဆောက်လုပ်ရေးမှ ဦးကျော်နိုင်ဦး၊ ဇော်မင်း Trading မှ ဦးဇော်မင်း၊ UNIE Trade မှ ဦးဌေးဝင်း၊ Happy ဖျော်ရည်မှ ဦးကျော်သောင်း၊ Golden Sunmoon လီမိတက်မှ ဦးကျော်နိုင်၊ Mahar Bawgawaddy Int'l Ltd. မှ ဟာဂျီဦးလှအောင်နှင့် ရွှေတင်း

ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်ခံရသည့် ရခိုင်ပြည်နယ်မှ အမျိုးသား ညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၏ထောက်ပံ့ငွေ ကျပ်ဆယ်သိန်းကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ဝါဝင်းကြိုင်နှင့် ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ် ငါးသိန်း၊ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးမှ ဦးမောင်မောင်နှင့် Trade Park ကုမ္ပဏီလီမိတက်မှ ဦးအဏ္ဏဝါတို့က ငွေကျပ်သုံးသိန်းစီ၊ ရွှေအင်ပါယာဆောက်လုပ်ရေးမှဦးအောင်အောင်ဦးနှင့် MMG ဆောက်လုပ်ရေးမှ ဦးမောင်မောင်ကြီးတို့က ငွေကျပ် နှစ်သိန်းစီ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ငွေကျပ် ၇၇၀၀၀၀ တန်ဖိုးရှိ ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် 'ရဲရဲရင်ဆိုင်ဖြတ်သန်း' စာအုပ် အုပ်ရေ ၁၁၀၀၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးစိန်တင်က အမျိုးသားရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သည့် ဒါရိုက်တာကျော်သူရိုက်ကူးသော 'အမေ့နို့ဖိုး' ရုပ်ရှင်ကား (ရန်ကုန်မြို့တွင်း ပြသခြင်း မပြုရသေး) ဇာတ်ကား ပြသကုန်ကျစရိတ် ငွေကျပ် လေးသိန်းနှင့် ရုပ်ရှင် သရုပ်ဆောင် မျိုးသန္တာထွန်းကမျိုး ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သော 'ပေးဆပ်သူတို့နှလုံးသား' ရုပ်ရှင်ကား (ရန်ကုန်မြို့တွင်း ပြသဆဲ)ဇာတ်ကား ပြသကုန်ကျစရိတ် ငွေကျပ် လေးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စေတနာရှင်များဖြစ်ကြသည့် ပေလီဆောက်လုပ်ရေးမှ တောင်းကုမ္ပဏီမှ ဦးချစ်စိန်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဝင်းရွှေရည်ဆောက်လုပ်ရေးမှ ဦးမျိုးဝင်းက ငွေကျပ် တစ်သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက်စေတနာရှင်များဖြစ်ကြသော Potentates Co., Ltd. မှ ဦးအောင်သိန်း၊ Royal Int'l Engi., & Const. မှ ဦးကြည်လွင်၊ ရတနာမြိုင်ဆောက်လုပ်ရေးမှ ဦးနိုင်ဝင်းအောင်၊ Kyaw Family Const., မှ ဦးကျော်ဌေးသိန်း-ဒေါ်ခင်သန်းမြင့်၊ သီဟအောင်ကုမ္ပဏီလီမိတက်မှ ဦးစိန်ဝင်း၊ V-Pile ကုမ္ပဏီလီမိတက်မှ ဒေါက်တာစုံဟန်၊ ပင်လုံထိပ်ထား ဆောက်လုပ်ရေးမှ ဦးစံနီသွင်၊ ဦးဉာဏ်သစ်လှိုင်တို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍စေတနာရှင်များဖြစ်ကြသည့် ဦးထွန်းဝင်း၊ Three Star ပီနံအိတ်ခွဲစက်ရုံမှ ဦးသန်းအောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ တာလောရပ်ကွက် အမက ကျောင်းအုပ်(အငြိမ်းစား)ဦးခင်မောင်ကိုယ်စား ညီလာခံကိုယ်စားလှယ်ဦးကျော်သီဟတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးလှရွှေ(သစ်ရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်း၊ FMI မှဦးစိုးမြင့်က ငွေကျပ်သုံးသိန်းနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်အဖွဲ့က ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်များဖြစ်ကြသော မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းမှအသင်းဝင်များဖြစ်ကြသည့် သီရိချောင်းသာဟိုတယ်မှ ဦးလှစိန်၊ ဘေးဗြူးဟိုတယ်ကပ္ပတိန်သန်းဦး၊ ကွင်းပတ်(စ်)ဟိုတယ်မှ ဒေါ်တင်တင်ဝင်း၊ ဘေပါတီဟိုတယ်မှ ဦးသိန်းရွှေ၊ ပုဂံပါဝါဟိုတယ်မှဦးသန်းရွှေ၊ MGM ဟိုတယ်မှ ဦးတင်ဝင်း၊ မင်္ဂလာဂါးဒင်းဟိုတယ်မှ ဦးဇော်မင်းနှင့်ပန်ဒိုရားမားဟိုတယ်မှ ဦးရန်ဝင်းကိုယ်စား ဦးဝင်းမြိုင်တို့က ငွေကျပ်ငါးသိန်းစီ၊ မြခွာညိုကုမ္ပဏီငွေဆောင်ကမ်းခြေ မြပင်လယ်ဟိုတယ်မှဦးကျော်ဒွန်းကငွေကျပ် နှစ်သိန်းတို့ကိုပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက်အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်မှတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များက ငွေကျပ် ၅၀၂၂၀၀၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ မကွေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များက ငွေကျပ် ၃၅၀၀၀ နှင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့မှ ညီလာခံကိုယ်စားလှယ် ပဒိုဦးအောင်ဆန်းက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ရခိုင်ပြည်နယ်တွင်လေပြင်းဒဏ်ခံရသည့်အတွက် မိမိပိုင် လုပ်ငန်းများ အများအပြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထိခိုက်ပျက်စီးသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ထောက်ပံ့ငွေကျပ် ၁၀သိန်းကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ခုနစ်ဦးအား ပေးအပ်လှူဒါန်းသည်။

ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်ကြောင့် တောင်ကုတ်မြို့နယ်မှ ဦးလှအောင်၊ ပေါက်တောမြို့နယ်မှ ဦးခင်မောင်သိန်း၊ မြေပုံမြို့နယ်မှ ဦးရွှေမန်းတင်နှင့် ဦးထွန်းလှတို့လေးဦးမှာ ဆုံးရှုံးမှုများပြားပြီး မြေပုံမြို့နယ်မှ ဦးကိုကိုနိုင်၊ မင်းပြားမြို့နယ်မှ ဦးမောင်မြစိန်နှင့် ကျောက်ဖြူမြို့နယ်မှ ဦးကျော်နုတို့ သုံးဦးမှာ အသင့်အတင့် ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

အလှူငွေနှင့်ပစ္စည်းများပေးအပ်

ဆက်လက်၍ စေတနာရှင် အလှူရှင်များကိုယ်စား မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရသည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် ၆၁ဦးတို့က ငွေကျပ် ၂၁၇၇၅၀၀၀နှင့် ငွေကျပ်၁၉၅၀၀၀၀တန်ဖိုးရှိပစ္စည်းများ၊ ရခိုင်ပြည်နယ်တွင်လေပြင်းဒဏ်ခံကြရသူများအတွက် အဖွဲ့အစည်းသုံးဖွဲ့တို့မှ စုပေါင်း လှူဒါန်းငွေကျပ် ၆၃၇၂၀၀ဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်အလှူရှင်များအား ပုဂံဆောင်သို့ဖိတ်ကြားပြီး ဧည့်ခံကျွေးမွေးကာ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မဟာဗျူဟာရေနံပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံရ အီရတ်အစိုးရသစ်၏ ကြိုးပမ်းမှုအဟန့်အတားဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်တိုက်ခိုက်ရေးသမားများသည် အီရတ်မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံနယ်မြေများနှင့် ဆက်သွယ်ထားသော မဟာဗျူဟာရေနံပိုက်လိုင်းကို တနင်္ဂနွေနေ့က တိုက်ခိုက်ခဲ့မှုကြောင့် ရေနံတင်ပို့မှုကို အကြီးအကျယ်လျော့ကျစေခဲ့သည်ဟု တာဝန်ရှိသူက ပြောကြားသည်။

ယင်းရေနံပိုက်လိုင်းသည် အီရတ်နိုင်ငံ၏ စီးပွားရေးအသက်သွေးကြောဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် အီရတ်အစိုးရသစ်၏ စီးပွားရေးပြန်လည်ကောင်းမွန်လာရန် နိုင်ငံရေး မတည်မငြိမ်မှုနှင့် အကြမ်းဖက်မှုကို ဖြစ်စေသည့် ဆင်းရဲနွမ်းပါးနေရသည့် အခြေအနေများမှ တိုးတက်လာရန် ကြိုးပမ်းလုပ်ဆောင်ချက်ကို အဟန့်အတားဖြစ်စေခဲ့သည်။

ပြောကြား

တိုက်ခိုက်ရေးသမားများသည် ထောက်လှမ်းရေးသတင်းများရရှိခဲ့ကြောင်း နိုင်ငံတကာ ရေနံကုမ္ပဏီက ပြောကြားသည်။ ၎င်းတို့သည် ရေနံတင်ပို့မှုအတွင်းသတင်းနှင့် မြေပုံကိုရရှိခဲ့ပုံ ရကြောင်း၊ ယင်းတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ရန် မည်သူ့ကိုမျှမလိုလားကြောင်း အဆိုပါရေနံကုမ္ပဏီက ပြောကြားသည်။

တိုက်ခိုက်ခံရ

ဘဂ္ဂဒက်မြို့မှ အရှေ့မြောက်ဘက် မိုင်၅၀အကွာ ဟာဝီဂျက်အယ်လ်– ဖော်လူဂျာဒေသ၌ တနင်္ဂနွေနေ့က ရေနံပိုက်လိုင်းတိုက်ခိုက်ခံရမှုကြောင့် မီးခိုးများ အလိပ်လိုက်လွင့်တက်လျက် ရှိသည်။

သန္နိဋ္ဌာန်ချ

အီရတ်ဝန်ကြီးချုပ် အီယတ်အာလာဝီက ယခုနှစ်တွင် အီရတ်ရေနံတင်ပို့မှုကို ရပ်တန့်စေရန် နှောင့်ယှက်သူများအား နှိပ်ကွပ်သွားရန် သန္နိဋ္ဌာန်ချထားသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် အသတ်ခံရမှု မှန်ကန်ကြောင်း လက်ဘနွန်နိုင်ငံက အတည်ပြု

ဘေရွတ် ဇူလိုင် ၅

အီရတ်နိုင်ငံတွင် လက်နက်ကိုင် အီရတ်ပြောက်ကျားများက ဓားစာခံအဖြစ် ဖမ်းဆီးထားသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင် အလီဟက်ဆွန်အား အီရတ်ပြောက်ကျားတို့ သတ်ဖြတ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံခြားရေး ဝန်ကြီးဌာနက တနင်္ဂနွေနေ့က အတည်ပြုပြောကြားသည်။

ပြောကြား

ဘဂ္ဂဒက်မြို့တွင်ရှိသော လက်ဘ နွန်ကောင်စစ်ဝန် ဟက်ဆန်ဟိုင်ဂျာဇီက စနေနေ့က ပြောကြားရာတွင် လက်ဘနွန်ဇာတိဖြစ်ပြီး အမေရိကန် နိုင်ငံသားတစ်ဦးဖြစ်သည့် အဆိုပါ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဟက်ဆွန်သည် အီရတ်ပြောက်ကျားတို့ သတ်ဖြတ်ခြင်းခံခဲ့ရပြီးဖြစ်ကြောင်း ပြောကြားသည်။ သို့ရာတွင် အသတ်ခံရမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြောကြားခြင်း မပြုကြောင်း သိရသည်။

အသတ်ခံရ

အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်၍ ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာက ချက်ချင်းအတည်ပြုချက်ပေးခြင်းမရှိကြောင်းလည်း သိရသည်။ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် အသတ်ခံရမှုအပေါ် မည်ကဲ့သို့ လေ့လာသိရှိခဲ့သည်ကိုလည်း ရှင်းလင်းစွာ မသိရကြောင်း သိရသည်။

သတိပေး

ပြီးခဲ့သည့် သီတင်းပတ်၏တနင်္လာနေ့က အီရတ်ကြားဖြတ် အစိုးရအား အမေရိကန်တို့က အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အီရတ်အရာရှိများကို ဆက်လက်တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရတ်လက်နက်ကိုင်များက သတိပေးပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖော်လူဂျာမြို့အနီးရှိ ရေနံပိုက်လိုင်းတစ်ခု ဖောက်ခွဲတိုက်ခိုက်ခံရ ပြီးနောက် မီးလောင်နေသည်ကို ဇူလိုင် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အီရတ်၌စစ်မှုထမ်းနေသော ကန်တပ်ကြပ်၏ဇနီးနှင့်သား ကားမှောက်ရာတွင် သေဆုံးခဲ့ရ

ဝက်ဝွန်မောင်းဒ် ဇူလိုင် ၅

ကားမောင်းလိုင်စင် အသိမ်းခံထားရသော လူတစ်ဦးမောင်းသည့် ထရပ်ကားသည် စနေနေ့က အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ အီရတ်၌ရှိသောအမေရိကန်တပ်ဖွဲ့ဝင်၏ဇနီးနှင့် သားဖြစ်သူတို့အပါအဝင် လူငါးဦး သေဆုံးသွားသည်ဟု ပြည်နယ်ရဲအဖွဲ့က ပြောကြားသည်။

ယင်းသို့ ကားမှောက်ရာ၌ ယာဉ်မောင်းမာရီယို ထရီဂျီလို (၄၇) နှစ်သာ အသက်ရှင်သည်ဟု အရာရှိများက ပြောကြားသည်။ ထရီဂျီလိုသည် လိုင်စင်အသိမ်းခံထားရသဖြင့် လိုင်စင်မဲ့ မောင်းနှင်နေခြင်း ဖြစ်ကြောင်း ရဲက ပြောကြားသည်။

ထရီဂျီလိုသည် ထရပ်ကားကို အရှိန်မထိန်းနိုင်သဖြင့် ကားမှာတိမ်းမှောက်ပြီး သုံးလေးပတ်မျှ လိမ့်သွားခဲ့သည်ဟု ရဲက ပြောကြားသည်။

အက်စ်သာရီမီရီနှင့် သူမ၏ သားမက်သူးတို့မှာ အီရတ်၌ အမှတ် ၇၂၀ ပို့ဆောင်ရေးတပ်၌ အမှုထမ်းနေသော အမေရိကန်တပ်ဖွဲ့ဝင်တပ်ကြပ် ဇနီးနှင့် သားဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

အစားအစာအတွက် ရေနံအစီအစဉ် အဂတိလိုက်စားမှု စုံစမ်းရန်သွားသောစစ်ဆေးရေးအရာရှိ ပုံးခွဲခံရပြီး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၄

ကုလသမဂ္ဂ၏ အစားအစာအတွက် ရေနံအစီအစဉ်တွင် အဂတိလိုက်စားမှုရှိသည်ဆိုသော စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးရန်သွားသော အီရတ်အရာရှိသည် ယခုသီတင်းပတ်အစောပိုင်း၌ ပုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားကြောင်း စုံစမ်းစစ်ဆေးမှုနှင့် နီးစပ်မှုရှိသော တာဝန်ရှိသူများက စနေနေ့၌ ပြောကြားသည်။

စာရင်းစစ်ဦးစီးအဖွဲ့ခေါင်းဆောင် အီဆန်ကာရင်မ်သည် ဆေးရုံ၌ သေဆုံးကြောင်း၊ သူ၏ယာဉ်တန်းတွင် ပါရှိသော ကားတစ်စီးအောက်၌ တပ်ထားသောဗုံးကြာသပတေးနေ့က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တာဝန် ရှိသူများက ပြောကြားသည်။

၁၉၉၆–၂၀၀၃ အစားအစာအတွက် ရေနံအစီအစဉ် အရ ဒေါ်လာဘီလီယံများစွာတန်သော ကန်ထရိုက် လုပ်ငန်းများ အာမခံချက်ရှိရေးအတွက် ယခင်သမ္မတ ဆက်ဒမ်ဟူစိန်နှင့် သူ၏အစိုးရအဖွဲ့အား အီရတ်နှင့် နိုင်ငံခြားကုမ္ပဏီများက လာဘ်ထိုးရသည်ဆိုသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်အတွက် မေလထဲ၌ နိုင်ငံတကာဆိုင်ရာ စာရင်းစစ် အန်းစ်နှင့် ယန်းတို့ကို ဘုတ်အဖွဲ့က ခန့်အပ်တာဝန်ပေးခဲ့သည်။

ထိုစစ်ဆေးမှုသည် ဘဏ္ဍာရေးမှူးဟောင်း အာမက်ချာလဘီနှင့်တင်းမာမှု ဖြစ်စေခဲ့ပြီး ချာလဘီ၏ ပြောရေးဆိုခွင့်ရှိသူက စာရင်းစစ်အဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ကိုင်တွယ်ရန် အရည်အချင်းမရှိကြောင်း ပြောဆိုခဲ့သည်။

(အင်တာနက်)

ကင်းလှည့်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ လက်ဖက်ခြောက် ထုတ်လုပ်မှုမတိုးတက်လျှင် ၂၀၂၀ပြည့်နှစ် နောက်ပိုင်း ပြည်ပမှတင်သွင်းရမည်

ဒါကာ ဇူလိုင် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ဖက်ခြောက်ထုတ်လုပ်မှုမတိုးတက် ခဲ့ပါက ၂၀၂၀ပြည့်နှစ်နောက်ပိုင်း ပြည်ပမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ လက်ဖက်ခြောက်တင်သွင်းမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ဖက်ခြောက်သုံးစွဲမှုမှာ နှစ်စဉ်သုံးရာခိုင်နှုန်းတိုးတက်လျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုမှာ တစ်ရာခိုင်နှုန်းသာ တိုးတက်ထုတ်လုပ်နိုင်ကြောင်း သယ်နယူးနေရှင်းသတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဘက်စိုက်ခင်းများမှ နှစ်စဉ်လက်ဖက်ခြောက်ကီလို ၅၆သန်းထုတ်လုပ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်လုပ်ထွက်ရှိသော လက်ဖက်ခြောက်များမှ ကီလို ၁၂သန်းကို ပြည်ပသို့တင်ပို့ရောင်းချရာမှ တာကာငွေ သန်း၉၀၀ (အမေရိကန်ဒေါ်လာ ၁၅ဒသမ ၅သန်း)ခန့် ဝင်ငွေရရှိကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

✻ ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရမည်းသင်းမြို့ သီလဝခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်က ခရိုင်အတွင်း မြို့နယ်များဖွဲ့စည်းထားရှိမှု၊ လူဦးရေ၊ စိုက်ပျိုးရေး၊ မြေယာအသုံးချမှု၊ မိုးစပါးနှင့်နွေစပါးစိုက်ပျိုးမှုနှင့် အထွက်နှုန်းတို့နှင့် အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေပိုမိုရရှိစေရန် ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ရေရရှိရေး ဆောင်ရွက်နေမှုများနှင့် ဒေသစိမ်းလန်းစိုပြည်ရေး စီစဉ်ဆောင်ရွက်နေမှုလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေး၊ သစ်တောကြိုးဝိုင်းများထိန်းသိမ်းကာကွယ်ရေး၊ မြို့စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး သိလိုသည်များကို မြို့နယ်မှတာဝန်ရှိသူများအား မေးမြန်းပြီး လိုအပ်မှုများကို မှာကြားဖြည့်ဆည်းပေးပြီး ရမည်းသင်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို မြို့နယ်ပညာရေးမှူး ဦးအောင်ရွှေအား ပေးအပ်သည်။

ရေရရှိရေးစူးစမ်းလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်ပြီး ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ တင်ပြချက်များအရ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာစေရန် ပညာရေးကဏ္ဍတွင် စာသင်ကျောင်းများကို အဆင့်တိုးမြှင့်သတ်မှတ်ပေးခဲ့သည့်နည်းတူ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍လည်း ကျေးလက် ကျန်းမာရေးဌာနများ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ခရိုင်ရုံးစိုက်သည့် ရမည်းသင်းမြို့တွင် သန့်ရှင်းသည့် သောက်သုံးရေရရှိရေးအတွက် ရေရရှိနိုင်မည့် နည်းလမ်းများကို စူးစမ်းလေ့လာမှုများပြုလုပ်ရန် စီစဉ်ခဲ့ပြီးဖြစ်ကြောင်း။

စီမံချက်အတိုင်းဆောင်ရွက်

တင်ပြချက်များအရ ရမည်းသင်းမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံမှုမှာ ၇၅ဒသမ၇၃ရာခိုင်နှုန်းသာရှိသဖြင့် ဒေသဝမ်းစာဖူလုံခြင်းမရှိသည့် မြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

ဆီဖူလုံမှုမှာ ၂၅၇ဒသမ၈ဝရာခိုင်နှုန်းဖြစ်ပြီး ပဲမျိုးစုံဖူလုံမှုမှာ ၂၄၇ဒသမ ၅၇ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရသဖြင့် ရမည်းသင်းမြို့နယ်သည် စားသုံးဆီနှင့် ပဲမျိုးစုံဖူလုံ ပိုလျှံသည့် မြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စားသုံးဆီနှင့် ပဲမျိုးစုံဖူလုံ ပိုလျှံသည်ဟုဆိုသော်လည်း အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက ပိုလျှံမှုနည်းပါးနေသေးခြင်းကြောင့် စားသုံးဆီနှင့် ပဲမျိုးစုံ ပိုမို ပိုလျှံမှုရှိလာရေးအတွက် ဆောင်ရွက်ရန်အပြင် လာမည့်နှစ်တွင် ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်မည့် ရည်မှန်းချက် ရရှိအောင်လည်း စီမံချက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ရမည်းသင်းမြို့နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသရှိ ဆည်/ကန်များမှ ဆည်ရေ၊ ကန်ရေများကို အကျိုးရှိရှိအသုံးချပြီး အထွက်ကောင်းစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ သီးထပ်စွမ်းအားတိုးတက်အောင် စိုက်ပျိုးခြင်းတို့ဖြင့် ဒေသ၏စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးတို့အတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနတို့က ပိုမိုအလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ရမည်းသင်းမြို့သည် ခရိုင်ရုံးစိုက်သည့်မြို့ကြီးဖြစ်သည်နှင့် အညီ မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး၊ လမ်းများကောင်းမွန်ရေး၊ အရိပ်ရလေကာပင်များ စိုက်ပျိုးရေးတို့ကို ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်အစိုးရက ပူပြင်းခြောက်သွေ့သော ဒေသများစိမ်းလန်း စိုပြည်လာစေရေးအတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ရမည်းသင်းခရိုင်ကိုလည်း စိမ်းလန်းစိုပြည်လာအောင် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောကြိုးဝိုင်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်တောများ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို စီမံချက်ပါအတိုင်း ဖိဖိစီးစီးဆောင်ရွက်သွားကြရန်လိုကြောင်း။

စည်ပင်သာယာရေးဌာနအနေဖြင့်လည်း ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ မြို့တွင်းလမ်းနှင့် ကျေးလက်ဆက်သည့်လမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကိုလည်း စီမံချက်ပါအတိုင်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပီပီပြင်ပြင်

မြို့နယ်တစ်ခုဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ဒေသရှိလူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး ကျေးလက်ဒေသများအထိ အရောက်သွားကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ပီပီပြင်ပြင် အကောင်အထည်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဌာနဆိုင်ရာများအနေဖြင့် ဒေသရှိပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို သိမြင်နားလည်ပြီးဖြည့်ဆည်းဆောင်ရွက်ပေးရန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် ကျင့်ကြံအားထုတ်ရန် လိုအပ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများတွင် ပြည်သူများ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လာစေရန် ဌာနဆိုင်ရာများက မှန်ကန်သောဦးဆောင်မှုဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ သီလဝခန်းမမှ ပြန်လည်ထွက်ခွာလာရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လမ်းဘေးဝဲ၊ယာများမှထွက်၍ လှိုက်လှဲဖော်ရွေစွာ ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးပြန်လည်နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ကြပြီး ကျောင်းတိုးချဲ့ဆောင်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ရှင်းလင်းပြသသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရမည်းသင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့ မျက်နှာစာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျဲနက်နန်ပရီနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းတို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မာလ်တီမီဒီယာစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၄ ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၄ ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ရမည်းသင်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူး ဦးအောင်ရွှေအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၄ ရက်က ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

လှိုင်ကော်မြို့အဝင်လမ်းမကြီး

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကယားပြည်နယ် လှိုင်ကော်မြို့အဝင် လမ်းမကြီးကို ဤသို့ ဖြောင့်ဖြူးစွာ ဖောက်လုပ်ထားသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လုံဘမ်း တိုက်နယ်ဆေးရုံ

ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် လုံဘမ်း တိုက်နယ်ဆေးရုံကို တည်ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း-ပြန်/ဆက်)

ဆင်လမ်း ရေလှောင်တမံ

ပြင်ဦးလွင်မြို့နယ်တွင် ဒေသခံပြည်သူများ စိုက်ပျိုးရေ၊ သောက်သုံးရေရရှိစေရန်အတွက် ဆင်လမ်းရေလှောင်တမံကို ဤသို့တည်ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဒေသခံကျောင်းသားကျောင်းသူများ အခြေခံပညာ သင်ယူနိုင်ရန်အတွက် တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ညောင်တင် အထက်တန်းကျောင်းပင်မစာသင်ဆောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-ပြန်/ဆက်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့နှင့် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့်ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ်ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၀ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၃၅ ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာကိုလေးက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ပဲခူးတိုင်း တိုင်းတရားသူကြီး ဦးဝင်းတင်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

7-7 (08).p65 1 03/25/1905, 8:16 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်နိုင်ငံဒုတိယဝန်ကြီးနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information Industry ဒုတိယဝန်ကြီး H.E Mr.Xi Guohua ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းနာရီ၌ (?) ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် မြန်မာနိုင်ငံအီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E Mr. Li Jinjun လည်း တက်ရောက်သည်။

(သတင်းစဉ်)

အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဆက်လက် ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ကို အမျိုးသားညီလာခံကိုယ်စားလှယ် ရုပ်ရှင်ပညာရှင် ဦးညွန့်ဝင်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉နာရီ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့ကို အမျိုးသားညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာကိုလေးက ဆက်လက် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေ အပ်နှင်းရေး၊ ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော် အဆင့်ဆင့်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှု၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြား အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို အမျိုးသားညီလာခံကိုယ်စားလှယ် ပဲခူးတိုင်း တိုင်းတရားသူကြီး ဦးဝင်းတင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင်၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဆက် လက် ကျင်းပမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော သဘာပတိအဖွဲ့ဝင်များ၊ အစုအဖွဲ့များမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြည်ထောင်စုခန်းမ၌ အစုအဖွဲ့အလိုက် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ဖတ်ကြားတင်ပြ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ဆွေးနွေး အကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ရုပ်ရှင်ပညာရှင် ဦးညွန့်ဝင်းက ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ၂၀၀၃-၂၀၀၄ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့် တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံး ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော စွမ်းအင်ဝန်ကြီးဌာန ဘောလုံး အသင်းမှ အားကစားသမားများ အား ဂုဏ်ပြုချီးမြှင့်ပွဲတွင် အမှာ စကားပြောကြားစဉ်။ (စွမ်းအင်)



အစည်းအဝေးတက်ရောက်

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြသည့် ညီလာခံကိုယ်စားလှယ် များအားတွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၆

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည၇နာရီမှစတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး သရုပ်ဆောင် ကျော်ရဲအောင်၊ ဇော်လင်း၊ မို့မို့မြင့်အောင်၊ ရှုမဝစမ်းစမ်းအေးနှင့် မြင့်မြင့်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် မသုခမ္မစာရီရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

အောင်ပွဲရစွမ်းအင်ဘောလုံးအသင်း ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ၂၀၀၃- ၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော စွမ်းအင် ဝန်ကြီးဌာန ဘောလုံးအသင်းမှ နည်းပြများနှင့် အားကစားသမားများအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်တော်များ၊ စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်း အုပ်ချုပ်သူနှင့် အသင်းခေါင်းဆောင်တို့က ဆင့်ပွားတံခွန်စိုက် ဒိုင်းဆုကြီးကို ဝန်ကြီးထံ အပ်နှံကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဂုဏ်ပြုအမှာစကားပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းနည်းပြနှင့် အားကစားသမား တစ်ဦးချင်းစီတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

(သတင်းစဉ်)

ရွှေမြင့်မိုရ်ကျောင်းတိုက်၌မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

မိုးကုတ်ဝိဿနာအဖွဲ့ချုပ်မှကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇူလိုင် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ အနေဖြင့်လူကိုယ်တိုင် ဖြစ်စေ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ ဇူလိုင် ၁၇ ရက်အရောက် ဆက်သွယ် စာရင်းပေးနိုင်သည်။ (က-ပ)

သားငါးပွဲဖြိုး ပြည်အကျိုး

ဝိပဿနာ စေတနာနှင့် ဘဝကမ္ပည်းအက္ခရာ

(က)
ဝိပဿနာ

ဝိပဿနာဟူသည် အထုံဖြစ်၏။ မြန်မာအဘိဓာန်က **"စွဲမြဲနေသောအကျင့်"** ဟုဖွင့်၏။ ပါဠိအဘိဓာန်ကလည်း **"ဂန္ဓမာလ ဓူမာဒီဟိ၊** ပန်းရနံ့အငွေ့အသက်တို့ဖြင့်။ **ဝတ္ထကမ္ဗလာဒီနံ၊** အဝတ်အထည်အိပ်ရာစသည်တို့အား။ **သံခါရော၊** အနံ့စွဲနေအောင် ပြုထားခြင်း"ဟု ဥပမာဖြင့်ဖွင့်၏။ အကြောင်းခြင်းရာ တစ်ခုခု၌ စွဲစွဲမြဲမြဲ ကဲကဲလွန်လွန် လိုက်စားနေခြင်းသည် ဝိပဿနာဖြစ်ပါ၏။ ယင်းသည် ကာလအလျဉ်အတိုင်း အဆက်မပြတ်ဖြစ်ပေါ်နေတတ်သောကြောင့် **"ဝိပဿနာဘာဂီ ဆက်တိုင်းမီ"**ဟု မြန်မာအဆိုရှိထား၏။

ယင်းဝိပဿနာကိုပင် ပါဠိစာပေများ၌ **စရိတ**ဟုဆိုပြီး မြန်မာက **စရိုက်**ဟု ပါဠိသက်ဝေါဟာရအဖြစ် ပြောဆိုရေးသားကြကာ မူရင်းစရိုက် ခြောက်မျိုးရှိ၍ ရောနှောစရိုက် ၆၃ မျိုးအထိရှိကြောင်း ပါဠိစာပေက စိတ်ဝင်စားဖွယ် ဖွင့်ဆိုထား၏။

၁။	**ရာဂစရိုက်**	=	ရာဂအာရုံ၌ထုံခြင်း၊ မာယာများခြင်း၊ ကာမဂုဏ်အာရုံများ၌ လိုက်စားမှုကဲသာခြင်း။
၂။	**ဒေါသစရိုက်**	=	ဒေါသအာရုံ၌ ထုံခြင်း၊ သာမန်ကိစ္စများ၌ပင် ဒေါသရှေ့ထားတတ်ခြင်း၊ ဒေါသဖြင့် ရင်ဆိုင် ဖြေရှင်းတတ်ခြင်း။
၃။	**မောဟစရိုက်**	=	မောဟအာရုံ၌ ထုံခြင်း၊ တွေတွေဝေဝေ ရှုပ်ရှုပ်ထွေးထွေးရှိခြင်း၊ အမှန်ကိုအမှန် အတိုင်းမပိုင်းခြားနိုင်ခြင်း၊ အမှန်ကို အမှားဟု ယူဆတတ်ခြင်း၊ ဆင်ကန်းတောတိုး အာရုံမျိုး၌ လိုက်စားမှုကဲသာခြင်း။
၄။	**သဒ္ဓါစရိုက်**	=	ကြည်လင်ခြင်း၌ထုံခြင်း၊ ဝန်းကျင်အပေါ် ကြည်လင်ခြင်း၊ ပေးကမ်းခြင်း၌ မွေ့လျော်ခြင်း၊ ဘာသာတရားအပေါ် ကြည်လင်စွာ လိုက်စားမှုကဲသာခြင်း။
၅။	**ဗုဒ္ဓိ(ပညာ)စရိုက်**	=	ပညာ၌ထုံခြင်း၊ နှိုင်းနှိုင်းချိန်ချိန်ရှိခြင်း၊ အရှည်မြော်တွေးတတ်ခြင်း၊ အမှန်အမှား ပြတ်သားစွာ ဆုံးဖြတ်နိုင်ခြင်း၊ အမှန်၌ ပြတ်သားစွာ ရပ်တည်ခြင်း၊ အမှန်၌ လိုက်စားမှုကဲသာခြင်း။
၆။	**ဝိတက်စရိုက်**	=	အကြံအတွေး၌ ထုံခြင်း၊ စကားအပြော၌ မျောနေခြင်း၊ အလုပ်ဖြင့် သက်သေမပြနိုင်ခြင်း၊ လေထဲတိုက်အိမ်ဆောက်ခြင်း၌ ကဲသာခြင်း။

ယင်းစရိုက် ခြောက်မျိုးအနက် ၁၊ ၂၊ ၃ သည် မကောင်းဘဲ ၄၊ ၅ သည် ကောင်းကာ ခြောက်မှာ ကောင်း၊ မကောင်းရောနေလေ၏။ ဝိပဿနာ (စရိုက်) အလျောက် အထက်ပါအချက်များ ထင်ရှားပေါ်လွင်နေသလို ယင်းဝိပဿနာ (စရိုက်)များ အချင်းချင်း အရောရောအနှောနှော ဖြစ်တတ်သောကြောင့် သဒ္ဓါနှင့်ရာဂရောခြင်းဖြင့် **"သဒ္ဓါလွန်လျှင် တဏှာကျွံသည်"** ဟု လည်းကောင်း၊ ဗုဒ္ဓိနှင့်ဒေါသရောခြင်းဖြင့် **"ပညာရှိ သတိဖြစ်ခဲ"**ဟုလည်းကောင်း စကားပုံများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။

ရတနာစည်ဆရာတော် (လှိုင်လင်)

အမျိုး၊ ဘာသာ၊ သာသနာနှင့် တိုင်းကားပြည်ရွာအထိ ဖြန့်ကြက်ကာ ကောင်းရာကောင်းကျိုးသယ်ပိုးလိုသော ဝိပဿနာကို သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်ဟု ဆိုရ၏။ သဒ္ဓါစရိုက်အရ ဝန်းကျင်အပေါ် ကြည်လင်ခြင်းနှင့် ဗုဒ္ဓိစရိုက်အရ အမျိုးသားရေးအမြင် နက်ရှိုင်းခြင်းတို့ကြောင့် ယင်းသည် မွန်မြတ်ပါ၏။ အကောင်းအမြတ်ဖြစ်ပါ၏။

အထူးသတိထားရမည့် အရေးကြီးအချက်အဖြစ် ယင်းဝိပဿနာကောင်း၌ ဝါဒစွဲလွန်၊ ပါတီစွဲလွန် ဟူသော ရာဂစရိုက်ဆိုး၊ အဆိုးမြင်သဘောတို့ ထုံနေသော ဒေါသစရိုက်ဆိုး၊ ဆင်ကန်းတောတိုးသော မောဟစရိုက်ဆိုးတို့ မရောနှောမိဖို့ ဖြစ်ပါ၏။ စရိုက်ဆိုးတို့ ရောနှောမိသည်နှင့်တစ်ပြိုင်နက် ဝိပဿနာကောင်းဝယ် အမည်းစက်များ အကွက်အကွက် ထင်းနေမည် ဖြစ်သောကြောင့်ပါပင်။

ကျမ်းပြုအကျော် အမရပူရမဟာဂန္ဓာရုံဆရာတော်ကြီးက **"ယခုဘဝ၌ မကောင်းသော စရိုက်ဆိုးများပပျောက်၍ စရိုက်ကောင်းတစ်ခုခု အထမြောက်အောင် ထူထောင်ဖို့အရေးကား အထူးကြီးလေးနေပေသတည်း"**ဟု သင်္ဂြိုဟ်ဘာသာ ဋီကာကျမ်းကြီး၌ ရေးသားသတိပေးတော်မူခဲ့ပါသည်။

(ခ)
စေတနာ

စေတနာသည် အသုံးအလွန်များသောကြောင့် မြန်မာစကားပင်ဖြစ်၍ နေပေပြီ။ မြန်မာအဘိဓာန်က **"စေ့ဆော်တိုက်တွန်းတတ်သောတရား"**ဟု ပါဠိအဖွင့်အတိုင်း ဖွင့်ပြထားသလို **"သူတစ်ပါးအကျိုးကို လိုလားသောသဘောထား"**ဟု မြန်မာသုံး အနက်အဓိပ္ပာယ်ကိုပါ ထွန်းပြထား၏။

အဘိဓမ္မာသဘောတရားအားဖြင့် စေတနာသည် စေတသိက်တရား (စိတ်နှင့်ယှဉ်တွဲဖြစ်ပေါ်သောတရား) ဖြစ်ပြီး စိတ်ကိုစိုးမိုးခြယ်လှယ်နိုင်စွမ်းရှိ၏။ စေတနာကောင်းသည် စိတ်ကောင်းကို ဖြစ်ပေါ်စေ၍ စေတနာဆိုးက စိတ်ဆိုးကို ဖြစ်ပေါ်စေ၏။ စေတနာကောင်းက စိတ်ကောင်းဖြစ်ပေါ်အောင် စေ့ဆော်တိုက်တွန်းသောအခါ စိတ်ကောင်းနှင့်အတူ စကားကောင်း(ဝစီကံ)၊ အလုပ်ကောင်း(ကာယကံ)တွေဖြစ်ပေါ်လာသလို စေတနာဆိုးက စိတ်ဆိုးဖြစ်ပေါ်အောင် စေ့ဆော်တိုက်တွန်းသောအခါ စကားဆိုး(ဝစီကံ)၊ အလုပ်ဆိုး (ကာယကံ)တွေဖြစ်ပေါ်ရပြန်လေ၏။ ထို့ကြောင့် စေတနာကို ကံဟု မြတ်ဗုဒ္ဓက ညွှန်ပြတော်မူခြင်းဖြစ်ပါသည်။

မြန်မာအသုံးအားဖြင့်မူ ကောင်းသောစေတနာကို ရည်ညွှန်းလျက် သူတစ်ပါးအကျိုးလိုလားသော သဘောထားရှိသူအား စေတနာကောင်းသူဟု ဂုဏ်တင်သုံးနှုန်းကြပါသည်။

အောက်ပါတို့မှာ ကာရန်လက်ဆောင်ဖြစ်ပါ၏-

ကောင်းစေတနာ၊ ရှေးရှုလာ၊ ကောင်းတာတွေပြု၏။
စေတနာဆိုး၊ စေ့ဆော်နှိုး၊ အဆိုးတွေပြုမိ။
ပြုမိသောကံ၊ ပွဲတင်သံ၊ တုံ့ပြန်ရောက်လာ၏။
ကောင်းတာပြုနေ၊ ကောင်းကျိုးတွေ၊ ဖြိုးဝေမှန်ရရှိ။
ဆိုးတာပြုငြား၊ ဆိုးကျိုးများ၊ ဖြစ်ပွား ပေါ်လာ၏။
ကောင်းပြုကောင်းစံ၊ ဆိုးပြုခံ၊ ကေန်မြဲလှ၏။

(ဂ)
ဘဝကမ္ပည်းအက္ခရာ

ဝိပဿနာနှင့် စေတနာကို ယှက်နွယ်သုံးသပ်ကြည့်သောအခါ ယေဘုယျအားဖြင့် ဝိပဿနာဆိုး(စရိုက်ဆိုး)၌ စေတနာကောင်းမထင်ဟပ်နိုင်သလို ဝိပဿနာကောင်း (စရိုက်ကောင်း)၌ စေတနာဆိုးမထင်ဟပ်နိုင်ကြောင်း တွေ့ရှိရ၏။ အဖြူနှင့်အဖြူ၊ အမည်းနှင့်အမည်းသာ တစ်သားတည်း ရောနှောဖြစ်တည်နေသလို ဝိပဿနာကောင်းနှင့်စေတနာကောင်း၊ ဝိပဿနာဆိုးနှင့်စေတနာဆိုး တစ်သားတည်း ရောနှောဖြစ်တည်နေမည်ဖြစ်၏။

ဝိပဿနာဆိုးသူတို့၏ စေတနာဆိုး၌ အဆိုးမြင်ဝါဒအမြဲလွှမ်းခြုံနေမည် ဖြစ်သလို ယင်း၏ အဆိုးပြော၊ အဆိုးပြုများကြောင့်လည်း ဝန်းကျင်ပတ်ချာ၌ ဆုတ်ယုတ်မှု၊ ပျက်စီးမှု၊ ရှုပ်ထွေးမှု၊ မအေးချမ်းမှုများ ဖုံးလွှမ်းနေမည်ဖြစ်၏။ ယင်း၏တစ်ဖက်၌သော် ဝိပဿနာကောင်းမှာ စေတနာကောင်း လောင်းနေသောကြောင့် ယင်း၏အကောင်းပြော၊ အကောင်းပြုများက လောကကို အလှဆင်နေမည်သာဖြစ်၏။ ယင်းနှင့်အတူ မိမိ၏ဘဝကမ္ပည်းအက္ခရာကိုလည်း လှပစွာ ထုဆစ်ပြီးသား ဖြစ်နေမည်ဖြစ်၏။

မိမိတို့နိုင်ငံတော်၏အရေး၊ အမျိုးသားတို့၏အရေးဝယ် ဝိပဿနာကောင်းဟု ဆိုအပ်သော သဒ္ဓါစရိုက်နှင့် ဗုဒ္ဓိစရိုက်တို့၌ စေတနာကောင်း သွန်းလောင်းခြင်းဖြင့် မနောကောင်းဘဝ၊ အပြောကောင်းဘဝ၊ အပြုကောင်းဘဝ ဘဝကမ္ပည်းသစ် မြဲတည် ဖြစ်အောင် ထုဆစ်နေကြရမည်မှာ ယနေ့မြန်မာနိုင်ငံသားအားလုံးအတွက် ဘဝပေးတာဝန်တစ်ရပ် ဖြစ်လျက်ရှိပါသတည်း။ ။

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု လားရှိုးမြို့တွင်သစ်ပင်စိုက်ပျိုး၊ လမ်းသစ်ဖွင့်

ရန်ကုန် ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် မြကန်သာရေကန်တောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စိုက်ပျိုး

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်တို့က ခရေပင်ပျိုကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များက အရိပ်ရပင်များနှင့် ပန်းအလှပင်များကို စိုက်ပျိုးပေးကြသည်။

ဖဲကြိုးဖြတ်

ထို့နောက် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွက် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးသော မြကန်သာရေကန်တောင်မြင့်မိုရ်လမ်း ကတ္တရာခင်းလမ်းသစ်ဖွင့်ပွဲကို အဆိုပါ လမ်းမုခ်ဦးတွင် ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဦးအေးလွင်က လမ်းသစ်ဖွင့်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တွဲဖက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်သိန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမင်းတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးသည်။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၃၀ ရက်က စမ်းချောင်းမြို့နယ် သမဝါယမအသင်းများ၏ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲတွင် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းက မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်သို့ ဝင်ငွေခွန်များ စုပေါင်းပေးအပ်စဉ်။ (က-ပ)

ပေးအပ် လှူဒါန်း

ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း၊ အမှတ် ၅၂နေ အငြိမ်းစားသံအမတ်ကြီး သီရိပျံချီ ဦးမောင်မောင်(၇)-ဒေါ်ခင်မြင့်မြင့် သားသမီး မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၆

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်၌ ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်း ပူဇော်ကြရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဦးမောင်လှ (ဥက္ကဋ္ဌ)ဖုန်း-၅၁၄၉၆၉၊ ဦးဘမြင့်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၃၇၈၆၃၇၊ ဦးကြီးညွန့် (ဒုတိယဥက္ကဋ္ဌ)ဖုန်း- ၂၉၆၉၆၂၊ ဦးမောင်အုံး(အတွင်းရေးမှူး)ဖုန်း- ၂၂၈၀၃၃၊ ဦးသန်းဝင်း(အုပ်ချုပ်ရေးမှူး)ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၄ ရက် က တပ်ကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းနောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Aided Instruction Room, Audio Visual Room, Projected Media Room, Printed Media Room, Computer Skills Room, Language Lab၊ ပန်းချီရသခန်းနှင့် အိမ်တွင်းမှုခန်းတို့၌ ကျောင်းသား ကျောင်းသူများ သင်ကြားလေ့ကျင့်နေကြသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် တပ်ကုန်းမြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက မြို့နယ်၏တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မြေယာအသုံးချမှု၊ သီးနှံ၁၀မျိုး စိုက်ပျိုးထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထွက်ရှိမှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ကျေးလက်ရေးရာရှိရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တပ်ကုန်းမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ဖြည့်ဆည်းပေးရန်ဖြစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့ တပ်ကုန်းမြို့သို့ လာရောက်ရခြင်း၏ရည်ရွယ်ချက်မှာ တပ်ကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မြို့နယ်အတွင်း မှီတင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရေးအတွက် အဓိကလိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန် ရေး၊ စီးပွားရေးတိုးတက်မြင့်မားရေးအပါအဝင် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

တပ်ကုန်းမြို့နယ်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကို ကြည့်ပါက ကျေနပ်ဖွယ်တိုးတက်ကောင်းမွန်လျက် ရှိသည်ကိုတွေ့ရှိရကြောင်း၊ တပ်ကုန်းမြို့နယ်၏စီးပွားရေးကောင်းမွန်ရခြင်း၏ အဓိကအချက်မှာ စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းအောင်မြင် စိုက်ပျိုးနိုင်ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အပြင် တင်ပြချက်အရ တပ်ကုန်းမြို့နယ်သည် အဓိကသီးနှံ၁၀မျိုးစလုံး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရှိရပြီး ဒေသဝမ်းစာဖူလုံမှုမှာ ၁၃၀ဒသမ ၉၇ ရာခိုင်နှုန်း၊ ဆီဖူလုံမှုမှာ ၃၂၉ ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှုမှာ ၂၈၉ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်သဖြင့်တပ်ကုန်းမြို့နယ်၏ စီးပွားရေးအခြေအနေသည် ပတ်ဝန်းကျင်မြို့နယ်များ၏စီးပွားရေးထက် ပိုမိုဖြစ်ထွန်းကောင်းမွန်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ထွန်းကောင်းမွန်လျက်ရှိနေသည့် အနေအထားဖြင့်ပင် အားရတင်းတိမ်ကျေနပ်မနေကြဘဲ ပိုမိုတိုးတက်သည်ထက်တိုးတက်ရန် ယခုထက်ပိုမိုဝီရိယအားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရက တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် ဆင်သေရေလှောင်တမံ၊ မုန်းရေထိန်းတမံ၊ ကင်းသာရေလှောင်တမံ၊ ပွဲစားဆည်၊ ညောင်ကိုင်းဆည်၊ မကျီးပင်ဆည်စသည့်ဆည်များ၊ ကန်များကို တည်ဆောက်ပေးထားလျက် ရှိကြောင်း၊ တည်ဆောက်ပေးထားသော ဆည်ရေများကို အကျိုးရှိစွာ သုံးစွဲစိုက်ပျိုးနိုင်ခြင်းကြောင့် တပ်ကုန်းမြို့နယ်၏စီးပွားရေးတိုးတက်လာခြင်းဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ပြည်သူများအပေါ်ထားရှိသည့်စေတနာကိုသိမြင်ပြီး နိုင်ငံတော်အတွက် ပြန်လည်အကျိုးပြုနိုင်ရေးကို အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူများက နိုင်ငံတော်အတွက် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးခြင်းဖြင့် ပြန်လည် အကျိုးပြုကြရန်ဖြစ်ကြောင်း။

ပိုမိုဖြည့်ဆည်းပေးနိုင်

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံခြင်းမရှိသည့်အတွက် ပြည်ပနိုင်ငံများက နှစ်စဉ်နိုင်ငံခြားငွေအများအပြားအကုန်အကျခံပြီးတင်သွင်းနေရကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးဆီဖူလုံအောင် ဆောင်ရွက်လာနိုင်သည်နှင့် အမျှ နှစ်စဉ်စားသုံးဆီအတွက် အကုန်အကျခံနေရသည့် နိုင်ငံခြားငွေများ အပိုအလျှံအဖြစ်ရရှိလာပြီး နိုင်ငံတော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ယခုထက် ပိုမို ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ကြောင်း။

အကုန်အကျသက်သာ

အလားတူပင် စက်သုံးဆီများကိုလည်း နှစ်စဉ်နိုင်ငံခြားငွေ အမြောက်အမြား အကုန်အကျခံပြီး နိုင်ငံခြားမှ မှာယူတင်သွင်းနေရကြောင်း၊ ထို့ကြောင့် စက်သုံးဆီကိုလည်း စနစ်တကျ ခြိုးခြံချွေတာသုံးစွဲသွားမည်ဆိုပါက နိုင်ငံခြားငွေ အကုန်အကျများစွာသက်သာသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံများမှ နိုင်ငံခြားငွေရရှိရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံလာစေရေးတို့အတွက် ပြည်သူများကလည်း မိမိတို့၏ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားစိုက်ပျိုးရေး ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် မိမိအတွက် အကျိုးစီးပွားဖြစ်ထွန်းလာမည့်အပြင် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်ကြောင်း၊ ဒါကြောင့် တောင်သူလယ်သမားများ၊ ကုန်ထုတ်သူများအားလုံးက ဝီရိယစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူများနှင့် ပြည်သူများကို ပညာပေးစည်းရုံးပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် လိုအပ်မှုများကို ဖြည့်ဆည်းခြင်း၊ ပံ့ပိုးခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဖိဖိစီးစီးဆောင်ရွက်

မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တည်မှီနေသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းကာကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်၊ ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာအောင်၊ သန့်ရှင်းသည့် သောက်သုံးရေရရှိအောင်နှင့် ကျေးလက်စီးပွားရေးကို အထောက်အကူပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင် ဖိဖိစီးစီး ထိထိမိမိ တက်ကြွစွာဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် ပြုမူနေထိုင်သွားကြပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လည်းကောင်း၊ နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်သူများ၏လူနေမှုဘဝမြင့်မားအောင်ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်သူများ၏ အားတက်တရော ပူးပေါင်းပါဝင်ဆောင်ရွက်မှုစွမ်းအားရရှိအောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အားပေးစကားပြော

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆရာဝန်များ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ပျဉ်းမနားမြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၄ ရက်က ပျဉ်းမနားမြို့ ကန်တော်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မုဒုံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၆

မုဒုံအသင်း(ရန်ကုန်)၏ (၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ(၂၀၀၄)ကို ဇူလိုင် ၂၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် မော်လမြိုင်ဓမ္မာရုံ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မုဒုံသူ မုဒုံသားများကြွရောက်ကြရန်နှင့် ဆွမ်း၊ ထီး၊ ဖိနပ်၊ ဆေးဝါး ပစ္စည်းလေးပါး စသည်တို့ကို ဦးအောင်ပါသိန်း ဖုန်း-၆၆၅၃၅၅၊ ဦးအေးကျော် ဖုန်း-၀၉-၈၀-၃၄၅၁၅၊ ဦးကြည်ထွန်း ဖုန်း-၅၇၀၈၈၂၊ ဦးအောင်ဖေ ဖုန်း-၅၆၆၁၆၆၊ ဦးထွန်းရှင် ဖုန်း-၆၄၀၄၂၉၊ ဦးတင်ရွှေ ဖုန်း-၂၄၁၂၃၂၊ ဦးလွန်းအောင် ဖုန်း-၅၄၇၁၆၂နှင့် ဦးသာလှ ဖုန်း-၅၃၉၄၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကချင်ပြည်နယ်တွင် နေရာကွက် မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေကြောင်း သိရသည်။

ဇူလိုင် ၇ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့်ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာပြီး ကချင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၄ ရက်က ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်ပျဉ်းမနားမြို့ ကန်တော်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းဖွဲ့ဝင်များအားတွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်လွင်က မြို့နယ်အတွင်းပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရေရရှိရေးဆောင်ရွက်မှုလုပ်ငန်းများနှင့်ဒေသန္တရဆိုင်ရာအချက်အလက်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျဉ်းမနားမြို့နယ်၏ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

အမှန်တကယ်လိုအပ်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပျဉ်းမနားမြို့သို့ မိမိအနေဖြင့်လွန်ခဲ့သည့် လအနည်းငယ်ကပင် လာရောက်ပြီး ဒေသ၏လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအကြိမ်လာရောက်ရာတွင်လည်း ပညာရေး၊ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်၍ ထပ်မံတင်ပြမှုကို ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်မှုကြောင့် ထပ်မံ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

စားသုံးဆီဖူလုံရေး

ပျဉ်းမနားမြို့နယ်သည် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မြို့နယ်ဖြစ်ကြောင်း၊ သို့သော်လည်း ဒေသဝမ်းစာဖူလုံမှုမှာ ၉၃ဒသမ၈၀ ရာခိုင်နှုန်းသာရှိသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသအတွင်းရှိ ဆည်၊ ကန်များမှ စိုက်ပျိုးရေများကို အကျိုးရှိစွာသုံးစွဲပြီး ဒေသဝမ်းစာဖူလုံရေးကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းစားသုံးဆီ ဖူလုံမှုမှာ ၄၈ဒသမ၄၈ ရာခိုင်နှုန်းသာရှိသဖြင့် စားသုံးဆီဖူလုံရေးအတွက်ကိုလည်း အလားတူကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် စီးပွားရေးတိုးတက်ဖြစ်ထွန်းစေရေးအတွက် ဒေသနှင့်ကိုက်ညီစွာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ဆည်/မြောင်း၊ တာတမံများ တည်ဆောက်ပေးခြင်း၊ ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ်၊ ကောလိပ်များ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူပင် နယ်စပ်အစွန်အဖျားဒေသများ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးရေး

ထိုကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အတွင်း နေထိုင်ကြသူ ပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝီရိယစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကတည်မှီနေသဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ၏ဘဝအခြေအနေမှန်များကို လေ့လာကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် ပြည်သူများနှင့် တစ်သားတည်းဖြစ်နေစေရန် အစဉ်အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများ၏ပေါင်းစည်းပါဝင်မှု စွမ်းအားဖြင့် နိုင်ငံတော်၏စီမံကိန်း လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်သည်ထက်အောင်မြင်အောင် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လက်တွဲပူးပေါင်း

ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဒေသအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူဆောင်ရွက်သွားကြရန်လိုအပ်သည့်အပြင် လူမှုရေးအသင်းအဖွဲ့များကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်းကာ တစ်စိတ်တည်း တစ်ဝမ်းတည်းပြည်ထောင်စုစိတ်ဓာတ်ဖြင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့်မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အစိုးရနည်းပညာကောလိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းအဆောက်အအုံ အတွင်းအပြင် သန့်ရှင်းရေးနှင့် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး အတွက် အရိပ်ရအပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပြည်ထဲရေးနှင့်စွမ်းအင်အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက လယ်ယာထွက်ကုန်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စွမ်းအင်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်မိနစ် ၃၀ တွင် နိုင်ဝင်းက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် စွမ်းအင်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင် လေးဂိုးထပ်မံသွင်း ယူခဲ့ရာ ဒုတိယဂိုးကို မိနစ် ၅၀တွင် နိုင်ဝင်း၊ တတိယဂိုးကို ၇၅ မိနစ်တွင် ဇော်ထက်အောင် (ပယ်နယ်တီ)၊ စတုတ္ထ ဂိုးကို ၇၈ မိနစ်တွင် နိုင်ဝင်းနှင့် ပဉ္စမဂိုးကို ၈၂ မိနစ်တွင် ရန်နောင်စိုးတို့က သွင်းယူခဲ့သည်။

ပြည်ထဲရေးနိုင်

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသော ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြည်ထဲရေးအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို ၁၁ ဂိုး-၁၀ ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ နှင့် အချိန်ပိုမိနစ် ၃၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ သုံးဂိုးစီသရေ ဖြစ်နေ၍ ပယ်နယ်တီကိုးလုံးစီ ကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် ပြည်ထဲရေးအသင်းက ရှစ်ဂိုးဝင်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ခုနစ်ဂိုးသာဝင်သဖြင့် စုစုပေါင်း ၁၁ဂိုး-၁၀ဂိုးဖြင့် ပြည်ထဲရေးအသင်းက အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပြည်ထဲရေးအသင်းသည် အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်ရာ စွမ်းအင်အသင်းနှင့် ဇူလိုင် ၈ ရက် ညနေ ၃ နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဇူလိုင် ၇ရက် (ယနေ့) ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့်စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲတွင် စွမ်းအင်အသင်းမှ နံပါတ်(၄) ကျော်ခိုင်ဝင်း အင်နှင့်အားနှင့် လယ်ယာထွက်ကုန်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

(မြန်မာ့အလင်း)



မကွေးတိုင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နရွဲတော ကျေးရွာတွင် ဤသို့စက်ရေတွင်း တူးဖော်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

● *ကျောဖုံးမှ*

အပူပိုင်းဒေသတွင်ရင်ဆိုင်နေရ

မှန်ပါသည်။ မြန်မာနိုင်ငံ၏အပူပိုင်းဇုန်၊ အနယ်ကျချိုင့်ဝှမ်းဒေသကို နှစ်စဉ် မိုးရေချိန်၁၀၀စင်တီမီတာအောက်သာ ရွာသွန်းလေ့ရှိသော မြန်မာနိုင်ငံ၏ အပူဆုံး၊ အခြောက်သွေ့ဆုံးဒေသဟု သတ်မှတ်ထားသည်။ အဆိုပါဒေသတွင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ပါဝင်ပြီး မြို့နယ်ပေါင်း ၈၅မြို့နယ်၊ ကျေးရွာပေါင်း ၁၅၈၀၂ရွာတို့နှင့် ဖွဲ့စည်းထားသည်။ သဘာဝတရား၏ ဖန်တီးပေးမှုအရ ၎င်းဒေသအတွင်း လူမှုအခြေခံအဆောက်အအုံ ဖြစ်ထွန်းမှု နည်းပါးခဲ့ရသည်။ ထိုအခြေခံလူမှုအဆောက်အအုံများအနက် မရှိမဖြစ်အရေးကြီးသည့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးသည် အပူပိုင်းဒေသတွင် အဓိကရင်ဆိုင်နေရသာ လူမှုဒုက္ခကြီးဖြစ်သည်။

အချိန်သုံးပုံတစ်ပုံသုံးနေရ

အပူပိုင်းဒေသတွင် ရရှိနိုင်သော အခြေခံရေအရင်းအမြစ်အများစုမှာ မိုးရေလှောင်ကန်များဖြစ်သည်။ မိုးတွင်းကာလတွင် မိုးရေများသိုလှောင်ထားကာ မိုးကုန်ကာလများတွင် ကာလအပိုင်းအခြားတစ်ခုထိသာ ထုတ်ယူသုံးစွဲနိုင်သည်။ မိုးရေလှောင်ကန်များသည် ရွာမှတစ်မိုင်ခန့်ကွာဝေးတတ်ပြီး ထိုကန်များ ခန်းခြောက်သွားပါက ရွာမှ လေး၊ ငါးမိုင်ခန့်အထိကွာဝေးသော အခြားကန်များတွင် သွားရောက်ခပ်ယူရလေ့ရှိသည်။ ထို့ကြောင့် ရွာသူရွာသားများသည် ရေရရှိရေးအတွက် နေ့စဉ်အချိန် သုံး၊ လေးနာရီပေးနေကြရသည်။ တစ်နည်းအားဖြင့် အိမ်ထောင်စုအလိုက် စီးပွားရေးလုပ်ငန်း လုပ်ရမည့်အချိန်၊ ပညာသင်ကြားရမည့်အချိန်များမှ တစ်နေ့လျှင် အချိန်သုံးပုံတစ်ပုံခန့်ကို ရေရရှိရေးလုပ်ငန်းအတွက် နေ့စဉ်အသုံးပြုနေကြရသည်။

ထို့အပြင် ထိုဒေသရှိ ပြည်သူများသည် ရေရှားပါးမှုကြောင့် တစ်ကိုယ်ရေ သန့်ရှင်းမှု အလေ့အထကောင်းများ မဆောင်ရွက်နိုင်ခြင်း၊ မသန့်ရှင်းသော ရေများသုံးစွဲရသောကြောင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်း၊ သန်ကောင်ရောဂါဖြစ်ပွားခြင်း၊ မျက်ခမ်းစပ်ရောဂါဖြစ်ပွားခြင်းစသော ကျန်းမာရေးဒုက္ခများ ခံစားကြရသည်။

လက်တွေ့ဖော်ဆောင်

အပူပိုင်းဒေသရှိပြည်သူများ ဖော်ပြပါလူမှုဒုက္ခများ ကင်းလွတ်စေရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ပေးခဲ့သည်။ အဆိုပါဒေသများတွင် မြေအောက်ရေများ ထုတ်ယူသုံးစွဲနိုင်အောင် စက်ရေတွင်းများတူးဖော်ပေးရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအား တာဝန်ပေးခဲ့သည်။ ဤသည်မှာ နိုင်ငံတော်က ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်အနက် **"ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး"** ဟူသောအချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနလက်အောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနသည် အဆိုပါမွန်မြတ်သော တာဝန်ကြီးအား ဝမ်းပန်းတသာနာခံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ သတ်မှတ်ပေးထားသော စီမံကိန်းကာလ ၁၀နှစ်ထက် စောစီးစွာပြီးစီးရန် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။ ၂၉–၆–၂၀၀၃ ရက်တွင် ကျင်းပပြုလုပ်သော စည်ပင်သာယာရေးဦးစီးဌာန ၂၀၀၃–၂၀၀၄ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **"စည်ပင်သာယာရေးအဖွဲ့များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်မှာ ပါဝင်သည့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသသောက်သုံးရေ ဖူလုံစွာရရှိရေးလုပ်ငန်းများကို မိမိတို့၏ အဓိကလုပ်ငန်းများအဖြစ် အလေးထားထမ်းဆောင်ရန်"** လမ်းညွှန်မှာကြားခဲ့သည်။ ထိုလမ်းညွှန်ချက်အတိုင်း စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ အဓိကလုပ်ငန်းများအား စီမံကိန်းကြီးသုံးရပ်နှင့် အံဝင်ခွင်ကျ ချိတ်ဆက်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

အဆင့်ဆင့်ဆောင်ရွက်ပေး

စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ကျေးလက်ရေပေးရေး ၁၀နှစ်စီမံကိန်းရေးဆွဲပြီး ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းကာလသည် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၂၀၀၉–၂၀၁၀ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်သည်။ စီမံကိန်းပြီးဆုံးသည့်နှစ်တွင် အပူပိုင်းဒေသဖြစ်သော စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းတို့တွင် ကျေးရွာတိုင်း အနည်းဆုံးရေပေးစနစ်တစ်ခုစီ ရရှိသုံးစွဲနိုင်ရမည်ဖြစ်သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၁၅၈၀၂ရွာအနက် လက်ရှိသန့်ရှင်းသော သောက်သုံးရေရရှိနေသော ကျေးရွာ ၇၇၆၀ ရွာသာရှိသဖြင့် ရေပေးရေးဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၈၀၄၂ ရွာရှိသည်။ ထိုရွာများအနက် မိုးရေမှအပ ရေမရရှိသော(ရှားပါးသော) ကျေးရွာ ၅၃၅ ရွာအား ပထမဦးစားပေးအဖြစ်လည်းကောင်း၊ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာမရရှိသော ကျေးရွာ ၃၆၇၇ ရွာအား ဒုတိယဦးစားပေးအဖြစ် လည်းကောင်း၊ သန့်ရှင်းသော သောက်သုံးရေ မရရှိသောကျေးရွာ ၃၈၃၀ရွာအား တတိယဦးစားပေးအဖြစ်လည်းကောင်း စုစုပေါင်း ၈၀၄၂ ရွာအား အဆင့်ဆင့် ဆောင်ရွက်ပေးသွားရန်ဖြစ်သည်။

အပူပိုင်းဒေသ တိုင်းသုံးတိုင်းအပြင် အခြားပြည်နယ်/တိုင်းများတွင် လည်းအလားတူ ၁၀နှစ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုပြည်နယ်/ တိုင်းများတွင် ကျေးရွာပေါင်း ၃၆၂၀၈ ရွာရှိသည့်အနက် ကျေးရွာ ၁၅၁၈၃ရွာ ရေရရှိရေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရသည်။ ၎င်းတို့မှာ ရေခက်ခဲသောကျေးရွာ ၃၄၄ ရွာ၊ ရေမလုံလောက်သော ကျေးရွာ ၅၄၈၉ ရွာနှင့် သန့်ရှင်းသော သောက်သုံးရေမရရှိသည့် ကျေးရွာ ၉၃၅၀တို့ ဖြစ်သည်။

ကျခံသုံးစွဲခဲ့

စည်ပင်သာယာရေးဦးစီးဌာနသည် စီမံကိန်းကို ၂၀၀၀–၂၀၀၁ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ရာ ၂၀၀၃–၂၀၀၄ ခုနှစ်အထိ လေးနှစ်တာဆောင်ရွက်ခဲ့သည်။ ၂၀၀၀–၂၀၀၁ခုနှစ်တွင် ကျေးရွာပေါင်း ၇၁၄ ရွာ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၁၀၅၃ခု၊ ၂၀၀၁–၂၀၀၂ခုနှစ်တွင် ကျေးရွာပေါင်း ၁၄၂၅ ရွာ၊ လုပ်ငန်းပေါင်း၁၉၂၀ခု၊ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ကျေးရွာပေါင်း ၁၅၇၈ရွာ၊ လုပ်ငန်းပေါင်း ၁၉၆၇ခု၊ ၂၀၀၃–၂၀၀၄ ခုနှစ်တွင်ကျေးရွာပေါင်း ၁၁၉၀ ရွာ၊ လုပ်ငန်းပေါင်း ၂၃၈၃ ခု၊ စုစုပေါင်း ၄၉၀၇ ရွာ၊ လုပ်ငန်းပေါင်း ၇၃၂၃ ခု ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါလုပ်ငန်းများအတွက် နိုင်ငံတော်ထောက်ပံ့ငွေ ၄၄၃ ဒသမ ၅၈ သန်း၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၁၁၃၉ ဒသမ ၈၂ သန်း၊ ပြည်တွင်းပြည်ပ အလှူရှင်များလှူဒါန်းငွေကျပ် ၇၉၇ ဒသမ ၈၆ သန်း၊ အမေရိကန် ဒေါ်လာ ၆၇၇၂၂ ၊ အက်ဖ်အီးစီ ၁၀၀၁၂၊ ယူရို ၂၇၀၊ စုစုပေါင်း မြန်မာကျပ်ငွေ ၂၃၈၁ ဒသမ၂၆ သန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ အက်ဖ်အီးစီ ၁၀၀၁၂၊ ယူရို ၂၇၀ ကျခံသုံးစွဲခဲ့သည်။

ရေရရှိရေးလုပ်ငန်း

စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာ ၃၅၃၄ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၄၇၃၄ခု၊ ပြည်တွင်းအလှူရှင်များလှူဒါန်းငွေဖြင့် ကျေးရွာ ၁၀၂၇ ရွာ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၁၁၅၁ ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှကျေးရွာ ၁၈၀တွင်ရေရရှိရေးလုပ်ငန်းပေါင်း ၉၃၇ခု၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF) အဖွဲ့နှင့်ပူးပေါင်း၍ ကျေးရွာ ၈၄ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၄၁၆ခု၊ အာရှ–ဂျပန်ပေါင်းကူးအဖွဲ့(BAJ)နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ပူးပေါင်း၍ ကျေးရွာ ၇၁ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၇၄ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာ ၁၁ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၁၁ ခု၊ ကျေးရွာစုစုပေါင်း ၄၉၀၇ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၇၃၂၃ ခုဆောက်ရွက်ပေးနိုင်ခဲ့သည်။

အခြားပြည်နယ်၊ တိုင်းတို့တွင် စီမံကိန်းစတင်သော ၂၀၀၀–၂၀၀၁ ခုနှစ်မှ ၂၀၀၃–၂၀၀၄ခုနှစ်အထိ လေးနှစ်အတွင်း ကျေးရွာ ၅၆၉၅ ရွာတွင် လုပ်ငန်းပေါင်း ၈၃၉၂ ခု ရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၉၄၈၈ ရွာသာ ကျန်ရှိမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအနေနှင့်မူ ရေရရှိရေးဆောင်ရွက်ပေးရန် ကျေးရွာ ၂၃၂၂၅ ရွာရှိသည့်အနက် ကျေးရွာ ၁၀၆၀၂ ရွာတွင်လုပ်ငန်းပေါင်း ၁၅၇၁၅ ခုဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဘဏ္ဍာငွေကျခံသုံးစွဲမှုကို ဖော်ပြရပါက မြန်မာ ကျပ်ငွေ ၃၅၇၅ ဒသမ ၉၁ သန်း၊ အမေရိကန် ဒေါ်လာ ၆၇၇၂၂၊ အက်ဖ်အီးစီ ၁၀၀၁၂နှင့် ယူရိုငွေ ၂၇၀ သုံးစွဲခဲ့သည်။

တွင်းတူးစက်ဖြင့်တူး

နှစ်အလိုက်လျာထားသတ်မှတ်သော စက်ရေတွင်းများအောင်မြင်စွာ တူးဖော်နိုင်ရေးအတွက် ကျွမ်းကျင်သော ဘူမိဗေဒပညာရှင်များက ခေတ်မီသော တိုင်းတာစက်များဖြင့် မြေအောင်းရေရရှိနိုင်မှု အခြေအနေများအား စမ်းသပ်တိုင်းတာပြီး ခန့်မှန်းရရှိသော အနက်ပေများအလိုက် ပေ၁၀၀၀မှ ပေ ၁၅၀၀အထိ တူးဖော်နိုင်သော တွင်းတူးစက်ကြီးများ၊ မိမိတို့ဌာနမှ တီထွင်ထုတ်လုပ်ထားသော ပေ ၈၀၀၊ ပေ ၆၀၀၊ ပေ ၄၀၀ အသီးသီးတူးဖော်နိုင်သော တွင်းတူးစက်များဖြင့် တူးဖော်ပေးလျက်ရှိသည်။

ရောဂါများလျော့နည်းလာ

ယခုအခါ လေးနှစ်တာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အပူပိုင်းဒေသတွင် ကျေးရွာပေါင်း ၄၉၀၇ ရွာရှိ ကျေးလက်နေပြည်သူ ခန့်မှန်း ၆ ဒသမ ၆ သန်းကျော်တို့ သန့်ရှင်းသောသောက်သုံးရေသုံးစွဲရမှု အကျိုးခံစားနေကြရပြီ ဖြစ်သည်။ သုံးစွဲသောက်သုံးသောရေများ သန့်ရှင်းသောကြောင့် အပူပိုင်းဒေသတွင် ရေကြောင့် ဖြစ်ပွားလေ့ရှိသည့် ရောဂါဘယများ တဖြည်းဖြည်းလျော့နည်းကင်းစင်လာသည်ကို တွေ့မြင်ကြားသိရသည်။

သာဓကအားဖြင့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော မျက်ခမ်းစပ်ရောဂါဖြစ်ပွားနှုန်းသည် ၎င်းဒေသတွင် ၁၉၈၈ ခုနှစ်၌ ကလေး၊ လူကြီး ၂၃၆၃ ဦး ဖြစ်ပွားခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၄၅၃ ဦးအထိ လျော့ကျခဲ့သည်။ ရေကြောင့်ဖြစ်ပွားတတ်သော အခြားရောဂါများလည်း အလားတူ ကျဆင်းခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့်လည်း ကျေးရွာပေါင်း ၁၀၆၀၂ ရွာမှ ပြည်သူကိုးသန်းကျော်တို့သည် ရေရရှိရေးစီမံကိန်း၏ အကျိုးရလဒ်ကောင်းများ ခံစားနေကြရပြီဖြစ်သည်။

မြို့နယ်လုံးကျွတ်အောင်ပွဲ

၎င်းအပြင် မြင်းမူ၊ ချောင်းဦး၊ တောင်တွင်းကြီး၊ မင်းဘူး၊ အောင်လံ၊ ကျောက်ဆည်၊ မြစ်သား၊ မြင်းခြံစသည့် မြို့နယ်များသည် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အောင်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားများ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း မြို့နယ် ၁၂ မြို့နယ်တို့၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိခြင်း အောင်ပွဲ အခမ်းအနားများ ဆောင်ရွက်ရန် အသင့်ဖြစ်လျက်ရှိသည်။

ရေအကျိုးဆယ်ပါးပြည့်စုံ

ရေလှူဒါန်းခြင်း၏ အကျိုး ၁၀ ပါးရှိသည်ဟု အဆိုရှိသည်။ နိုင်ငံတော်အကြီးအကဲ၊ စက်ရေတွင်းများ ဖြစ်ပေါ်လာအောင် စေတနာထက်သန်စွာ ငွေလှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပ အလှူရှင်များ၊ အားကြိုးမာန်တက် တူးဖော်ဆောင်ရွက်ပေးခဲ့ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင်တကူးတက ရည်ရွယ် ဆုတောင်းခြင်းမပြုစေကာမူ ရေရရှိနေပြီဖြစ်သော ကျေးလက်ပြည်သူတို့၏ နေ့စဉ်ဆုတောင်း မေတ္တာပို့သမှုကြောင့် ရေအကျိုး ၁၀ ပါး ပြည့်စုံနိုင်ကြပြီဖြစ်ပေသည်။

ဝိုင်းဝန်းကူညီ

အမှန်တကယ် ရေခက်ခဲရှားပါးသော ဒေသများ၊ ကျေးရွာများတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးရန်ပုံငွေ၊ ပြည်တွင်းအလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ အာရှ–ဂျပန်ပေါင်းကူးအဖွဲ့(BAJ)၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ၁၀နှစ်စီမံကိန်း၏ ၆၁ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ရာ ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နယ်စပ်/ စည်ပင် စီမံခန့်ခွဲရေးသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဇူလိုင် ၂ရက်က စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၁၈)သင်တန်း ဆင်းပွဲကျင်းပရာ ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအပြီးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများသည် အိပ်ဆောင်၊ ထမင်းစားခန်း၊ စာသင်ခန်း၊ သင်တန်းကျောင်း၏ စိုက်ပျိုးရေးနှင့် သာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ပိကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်းမဟာဗောဓိလမ်း မဟာမေ့ဓာဝီကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း)၌ ဝါကပ်တော်မူကြမည့် ပဓာနနာယက ဘဒ္ဒန္တဂုဏောသန နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အမှူးပြုသော စာချစာသင်သံဃာတော်အရှင်မြတ် ၁၀၀ ကျော်တို့အားသာသနာ့အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူးပြီး ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်) စနေနေ့ မွန်းလွဲ ၁ နာရီတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား စသော လှူဖွယ်ဝတ္ထုအစုစု စုပေါင်း ကပ်လှူပွဲကြီးကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီကတိသစ္စာခံယူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄- ၂၀၀၅ ပညာသင်နှစ် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အသင်းခေါင်းဆောင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ခေါင်းဆောင် အလံများ ပေးအပ်သည်။

ဆက်လက်၍ ကျောင်းကောင်စီ အမှုဆောင်များနှင့် ကျောင်းကောင်စီဝင်အားလုံးက ကတိသစ္စာခံယူကြပြီး ကျောင်းကောင်စီသီချင်း သံပြိုင်သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရတနာ့ဂုဏ်ရည်ရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၆

မြိတ်မြို့ ရွှေဘောလမ်းမကြီးရှိ ရတနာ့ဂုဏ်ရည်ရိပ်သာ၌ အဌမ အကြိမ်မြောက် ခုနစ်ရက် တရားစခန်း ဝိပဿနာ အထူးတရားပွဲကို ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသူယောဂီများသည် ဇူလိုင် ၂၅ရက် ညနေ၅နာရီအရောက်လာရောက်ကြရန်နှင့် ဩဂုတ်၁ရက် (ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်) တွင်လည်း ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာနရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ တပ်ဖွဲ့ဝင်မိသားစုများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင်၂ရက်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဝင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသို့ပေးအပ်စဉ်။ (က-ပ)

ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

သင်္ဃန်းကျွန်းမြို့နယ်သုဝဏ္ဏမြို့ (၂၅)ရပ်ကွက် စစ်ကိုင်းစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒမထေရ်မြတ်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရခြင်းအတွက် တပည့်ဒါယကာ ဒါယိကာမများစုပေါင်း၍ ဂုဏ်ပြုပူဇော်ပွဲကြီးကို ဇူလိုင်၁၀ရက် (စနေနေ့) နံနက် ၉ နာရီတွင် စိန်ပန်းမြိုင်လမ်း မဟာသရဏဂုံဓမ္မဗိမာန်၌ ကျင်းပပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း- ၅၇၀၆၈၆ နှင့် ၅၇၇၅၁၉ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

UMFCCI ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ဥက္ကဋ္ဌဖလားတတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၇ရက် (စနေနေ့) နံနက် ၁၀ နာရီခွဲတွင် ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲသို့ UMFCCI အသင်းချုပ်နှင့် အသင်းဝင်အသင်းများမှ နာယကများ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝန်ထမ်းများ၊ အသင်းချုပ်၏ အသင်းဝင် ကုမ္ပဏီများမှ ဒါရိုက်တာများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပြိုင်ပွဲကို အကြီးတန်းနှင့် အငယ်တန်းဟူ၍ နှစ်တန်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော ပုဂ္ဂိုလ်များသည် ပြိုင်ပွဲဝင်ပုံစံကိုဖြည့်စွက်၍ UMFCCI အသင်းချုပ်အမှတ် (၅၀၄/၅၀၆) ကုန်သည်လမ်း ကျောက်တံတားမြို့နယ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလယ်တန်းနှင့်အထက်တန်းအင်္ဂလိပ်စာ
အထောက်အကူပြု Student's Companion
စာစောင် အမှတ် (၁) ထွက်ပါပြီ

နယူးလိုက်အောင်မြင်စာသင်တော်အား စာတည်းအဖွဲ့ကပြုစုသည့် အလယ်တန်းနှင့် အထက်တန်း၊ စာသင်သားများအတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစောင် အမှတ် (၁) ထွက်ပါပြီ။

ရန်ကုန်မြို့ နယူးလိုက်အောင်မြင်စာသင်တော်စာတိုက် [illegible] အမှတ် ၂၂/၃၀ [illegible] ဖုန်း ၂၉၇၈၉၃ သို့ [illegible] ဆက်သွယ်ဝယ်ယူနိုင်ပါပြီ။

ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)တွင် ဇော်ဝင်းရှိန်သည် ဇူလိုင်၄ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ဂေါက်သီးရိုက် ကစားရာ ကျင်းအမှတ် (၁၁) ၁၆၂ ကိုက်အကွာမှ Titleist PRO U 1 332 No.3 ဘောလုံးအား Callaway Iron No(7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးစိုးကျော်နိုင်၊ ဦးတင်လှိုင် (အမေ့အိမ် စာပေ)၊ ဦးသိန်းဇော်မြင့်နှင့်ဦးသန့်ဇော်တို့လည်း အတူကစားခဲ့ကြကြောင်းသိရသည်။ **(က-ပ)**

[illegible]

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	1:00 - 3:00 p.m.	10.7.04	Sat + Sun
	1:00 - 2:30 p.m.	12.7.04	Mon to Thu
INTERMEDIATE ENGLISH	6:00 - 7:30 p.m.	6.7.04	Tue to Fri
	10:00 - 12:00 a.m.	8.7.04	Thu to Sat

[illegible] ဖုန်း 202046

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ် ၁၀ မြေကွက်ပေါ်ရှိ ကန်ထရိုက်တာ(ခြောက်လွှာ) တိုက်သစ်အဆောက်အအုံကိုဆောက်လုပ်ခဲ့သော Royal City ဆောက်လုပ်ရေးအဖွဲ့မှ ကန်ထရိုက်တာဦးလှထွန်း ၁၂/မဂတ (နိုင်)၀၂၈၇၃၆ နှင့် ဦးအောင်မြင့်ထွေး ၁၂/မဂတ (နိုင်)၀၁၀၀၁၄ တို့ ရရှိရောင်းချပိုင်ခွင့်ရှိသော ကန်ထရိုက်တာ တိုက်သစ်ငါးလွှာ(ပဥ္စမလွှာ)တိုက်ခန်းအဆောက်အအုံ၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေတို့က ဝယ်ယူရန် ၅-၇-၂၀၀၄ရက်တွင် စရန်ငွေများပေးပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ချို(LL.B)၊ တရားရုံးချုပ်ရှေ့နေ-၄၀၁၃ အမှတ်၅၆၃၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။**

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း' ဒါန

⌘ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီက ဦးဆောင်လျက် **"ထာဝရ ဒါန"** **"အရိပ်အလှူ ပန်းအလှူ"**ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⌘ **"မနာပ ဒါယီ လဘတေ မနာပံ"**
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⌘
အာရာမရောပ ဒါန	=	ပန်းပင် သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန	=	အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း... တို့သည်
ဥပဿယ ဒါန	=	ဇရပ် တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း... နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း

ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⌘ **"သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"**

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံအာရုံညွတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⌘ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန (နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကြပ် ပန်းကပ်ဆက်လှူ ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

⌘ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သောအပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

လိုအပ်သောအရေအတွက် တစ်ပင်နှုန်း(၅ပေ အမြင့်)

အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆	ကျပ် ၁၅၀၀၀
ပန်းအလှပင် – (Ground Cover)	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏာရိုက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊ ၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။

ပဲခူးမြို့နယ် အင်းတကော်စံပြကျေးရွာ စစ်ကိုင်းကျောင်းတိုက် အမှတ် (၉) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်းဆင့် ပညာသင်ယူပြီး မြောက်ခြင်း လက်မှတ်ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဇွန်၂၁ ရက်က ၎င်းစစ်ကိုင်းကျောင်းတိုက်တွင် ကျင်းပရာ ကျေးရွာသံဃနာယက အဖွဲ့ဥက္ကဋ္ဌ အမှတ်(၉) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဇောတိကက စတုတ္ထတန်းတွင် ပထမဆုရ မမြတ်ဖြိုးပြည့်စုံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၄၀)

မိတ်ဆွေစစ်စာကြည့်တိုက်ဖွင့်

ဂန့်ဂေါ ဇွန် ၂၅

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇွန် ၁၈ ရက်က ဂန့်ဂေါမြို့နယ် ကျွဲနန်းကျေးရွာ မိတ်ဆွေစစ် စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အလှူရှင်များကိုယ်စား ဦးလှအောင်က စာအုပ်မျိုးစုံ အုပ်ရေ ၂၁၀ နှင့် ငွေပဒေသာပင်တစ်သောင်းခွဲကို စာကြည့်တိုက်တာဝန်ခံ ဦးဉာဏ်ထူးသို့ ပေးအပ်လှူဒါန်းသည်။ (၂၇၃)

ကိုယ့်အားကိုယ်ကိုး ပညာတန်ဆောင် စာကြည့်တိုက်ဖွင့်

လှည်းကူး ဇူလိုင် ၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ပညာတန်ဆောင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၇ အုပ်စုမှ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းအသီးသီးမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြသည်။ အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အုန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌဦးလှသောင်းတို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် အလှူရှင် ၁၈ ဦးက စာအုပ်ပေါင်း ၃၂၇ အုပ်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌလက်ခံရယူကာ ကျေးဇူးတင်စကား ပြောကြားကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

ညောင်တုန်းတွင် သွေးလွန်တုပ်ကွေး သိကောင်းစရာ ပညာပေးဟောပြော

ညောင်တုန်း ဇူလိုင် ၂

ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ အကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့ အမှတ်(၁၀)ရပ်ကွက် အမကကျောင်းတွင် ဇွန် ၂၅ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်အဖွဲ့များမှ တာဝန်ရှိသူများ အမှတ်(၉)နှင့် (၁၀) ရပ်ကွက်တို့မှ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင် က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)၊** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှထွန်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို ပညာပေးဟောပြောကြောင်း သိရသည်။ **(၀၉၈)**

ကျေးလက်သတင်းနှင့် မြင်ကွင်း

ကျောင်းဆောင်သစ် အင်ခုံကျေးရွာတွင်ဖွင့်

ကောလင်း ဇူလိုင် ၁

ကောလင်းမြို့နယ် တောင်ပုံအုပ်စု အင်ခုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၃ ရက်က အဆိုပါကျောင်းတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်မာမာလွင်၊ အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်တင်လဲ့လဲ့ထွန်းတို့က ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကျောင်းသင်ကြားရေး အထောက်အကူပြုကက်ဆက်၊ ဘက်ထရီနှင့် သင်ကြားရေးတိပ်ခွေများကို ပေးအပ်လှူဒါန်းကြသည်။ **(၀၂၆)**

ဇွန်၁၈ရက်က ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကန်တော်ကြီးလမ်း ကျောင်းလမ်း ကျောက်ချောခင်းရန်အတွက် ကျောက်ကြီးများ ဝယ်ယူစုဆောင်းလျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းသန်းနှင့် အမှုဆောင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ယဉ်ယဉ်နွဲ့တို့က ကျောက်ကြီးများ သယ်ယူမှုကို ကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

အမ်းမြို့၌ စုပေါင်းသစ်ပင်စိုက်

အမ်း ဇွန် ၃၀

အမ်းမြို့ရှိ မြို့နယ်ခန်းမ ဘုရားကုန်းပေါ်ဌာနဆိုင်ရာ မြို့နယ်ဝန်းကျင် ရန်ကုန်စစ်တွေ ကားလမ်းဘေးဝဲယာ ကျောင်းများဝန်းကျင်တို့တွင် ဇွန်၂၀ရက်က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်အပင်ပေါင်း ၂၅၉၅၀ စိုက်ပျိုးကြသည်။

အဆိုပါပွဲတော်သို့ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စစ်မှုထမ်းဟောင်းတပ်ဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးမှုကို မြို့နယ်ဥက္ကဋ္ဌဦးကြည်ဝင်းနှင့် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးခိုင်ထူးတို့ ကြီးကြပ်စိုက်ပျိုးကြသည်။ **(မြို့နယ် စည်ပင်)**

မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျေးလက် ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန်၁၃ရက်က ကြပ်ခိုးစုကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြောင်းမြခရိုင်ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌဦးလှမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ဇွန် ၉ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် ရုံးဝန်ထမ်းများ မိုးရာသီမြို့သာယာလှပရေး မြေခင်းအလှပြုပြင်ခြင်းနှင့် ပန်းအလှပင် ၃၅၀၀ကိုစုပေါင်းစိုက်ပျိုးကြစဉ်။
(ခရိုင်ပြန်/ဆက်)

လပြည့်ဝါဆို

ရွှေဘိုသီရိမာလာ

ဝါဆိုလသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ အထွတ်အမြတ်ထားသော လဖြစ်သည်။ ဝါဆိုလပြည့် နေ့တွင် ပဥ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာတရား ဟောကြားသည်ကို အကြောင်းပြု၍ ပွဥ္စင်းခံပွဲများ ကျင်းပကြသည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲများ ကျင်းပကြသည်။ ဝါဆိုဦးတွင် ဝါဆိုပန်းကပ်ရန် ဝါဆိုပန်းခူးထွက်လေ့ရှိကြသည်။

လုလင်ပျို၊ လုံမပျိုတို့ တပျော်တပါး လှည်းနှင့်တစ်မျိုး၊ လှေနှင့်တစ်ဖုံ၊ ကားနှင့်တစ်သွယ် ဝါဆိုပန်းခူးထွက်ကြသည်။ ဝါဆိုပန်းထဲတွင် ကြာညိုပန်းသည် အလှထူးသလို ပုန်းညက်ပန်းကလည်း ရနံ့မွှေးသောကြောင့် ဝါဆိုပန်းခူးသော လုံမပျိုတို့ ပို၍အလှကြွယ်လေသည်။ စာဆိုတော်ကြီး ဦးကြော့က ကရကဋ်ရာသီဝါဆိုလဖွဲ့တွင် **"ပြုဗ္ဗာသာဠ်တည့်မွန်းနှင့် လှည့်ထွန်းလုံ့ကြိုလှာ၊ ပြည့်ဝန်းတဲ့ပုဏ္ဏမာယ်၊ ကုဋ္ဌရာပုံ့ပျူး၊ ထွတ်သုံးလူ့ မိဂဒါဝယ်၊ ဓမ္မစကြာ ဟောရပေထူး"**စသည့်ဖြင့် ဝါဆိုလကို ညွှန်းဆိုဖွဲ့ခဲ့ပေသည်။ ရှေးအခါကဝါဆိုလကို **"မလွယ်တာလ"**ဟူ၍လည်း ခေါ်ကြပေသည်။ လယ်မြေများကို တိုင်းတာသောလ ဟူ၍လည်း ခေါ်ကြသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ဝါဆိုပွဲကို တခမ်းတနား ဆင်နွှဲလေ့ ရှိကြသည်။ ဝါဆိုဦးတွင် ပဥ္စင်းတော်ခံပွဲ ပူဇော်မြဲ လရာသီလည်း ဖြစ်ချေသည်။

"ဆင်တာရာငယ်၊ ရာသီကရကဋ်
နရိန္ဒာလဲ၊ ညာတော်နတ်နှင့်ဖိုလ်မြတ်ကယ်နိဗ္ဗူ
အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ ပဥ္စင်းတော်ခံသောအခါ
ရေလျှံတဲ့ဝါဆိုလမှာ၊ ပုန်းညက်ညိုမာလာမင်းရယ်က
သင်းလှတယ်လေး"

ဟူ၍ မဟာအတုလမင်းကြီးက စပ်ဆိုခဲ့ပေသည်။

ထို့ကြောင့် ဝါဆိုလကို လအပေါင်းကပင် ချီးကျူးသင့်သည်ဟု တင်စားကြသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်းသုံးလတွင် ဥပုသ်စောင့်သည်၊ တရားထိုင်သည်၊ သက်သတ်လွတ်စားသည်၊ ကုသိုလ်ကောင်းမှုများပြုကြသည်၊ ရဟန်းတော်များအား ဝါဆိုသင်္ကန်းများ ကပ်လှူကြသည်။

လယ်တီဆရာတော်ကြီးက–

"သုံးလူ့ရှစ်ခွင်၊ ကျွန်းထိပ်တင်
သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်
ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသား
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်

ဟု မှတ်တမ်းတင်ခဲ့သည်။

ထို့ကြောင့် **"သန္ဓေတောထွက် ဓမ္မစက်၊ ဟောမြွက်ခါကို လဝါဆို"**ဟူ၍ ဆိုစမှတ်ပြုကြသည်။

မြန်မာပြည်တွင် ရာသီဥတု သုံးမျိုးရှိသည့်အနက် ဝါဆိုလသည် မိုးရာသီ၏ အစဦးဖြစ်လေသည်။ ဆန်စပါးကို အဓိကထားသော ကျွန်မတို့နိုင်ငံတွင် စပါးစိုက်ပျိုးသောလလည်း ဖြစ်ချေသည်။ ဝါဆိုလတွင် လယ်ထွန်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်ခြင်းများဖြင့် တောင်သူလယ်သမားများ ထကြွနိုးကြား လှုပ်ရှားသောလပေတည်း။ ပြာညိုရောင် အုံ့မှိုင်း၊ အုံ့ဆိုင်းဆိုင်း အမွှန်နတ်မောင်က ရွာမယောင်ဟန်ရေးပြသော ဝါဆိုလသည် လွမ်းဖွယ်အတိပြီးသည့် မိုးဦးလပင် ဖြစ်ချေ၏။ ၁၂လရာသီရှိသည့်အနက် ဝါဆိုလသည် ကရကဋ်ရာသီဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါးရှိသည့်အနက် မြန်မာပညာရှိများ၏အဆိုအရ ဝါဆိုလသည် နွေဥတုတွင် တစ်ဝက်ပါ၍ မိုးဥတုတွင် တစ်ဝက်ပါသည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလအတွက် စတင်၍ဝါဆိုတော်မူကြသောလ ဖြစ်ခြင်းကြောင့် ဝါဆိုလဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဝါတွင်းကာလဆိုသည်မှာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိဖြစ်သည်။ ဝါဆိုလတွင် လယ်သမားများသည် ထုံးတမ်းစဉ်လာအရ မုန့်ဖြူမုန့်နီတို့လုပ်ပြီး လှူဒါန်းလျက် မိုးမပျက်ပါစေနှင့်၊ ပျိုးမပျက်ပါစေနှင့်၊ လေမထန်ပါစေနှင့်၊ ရေမလျှံပါစေနှင့်ဟု ဆုတောင်းကြသည်။ ဝါဆိုလတွင် ပျိုးပင်တို့သည် မိုးဖျက်က ပျက်စီးပြီး ရေမြုပ်လျှင် ပျိုးပုပ်တတ်သည်။ သပြေကသီး ရေကကြီး ထန်းသီးကကြွေမိုးကစွေ ဆိုသည့်အတိုင်း ကျွန်မတို့ငယ်စဉ် သပြေသီးမှည့်စားခဲ့ရပုံနှင့် ထန်းသီးမှည့်ဖြင့် မုန့်လုပ်၍စားခဲ့ရပုံကို သတိရမိသည်။ မိကျောင်းဖွေးဖွေး ရေဖွေးဖွေးဆိုသည့်အတိုင်း ပုန်းညက်နှင့်မြတ်လေးပန်း၊ မိကျောင်းပန်းများကို ဝါဆိုပန်းအဖြစ် လုလင်ပျို လုံမပျိုတို့ တပျော်တပါးထွက်၍ခူးပြီး ဘုရားကို ကပ်လှူကြသည်။ ဝါဆိုလသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် ထူးမြတ်သောလဖြစ်သည်။ ဝါဆိုလသည် လအပေါင်းတို့က ချီးကျူးသင့်သော မကိုဋ်သရဖူအနေဖြင့် ဦးခိုက်သင့်လှပေသည်။ ဝါဆို၏ထူးမြတ်သော အကြောင်းအရာများကား သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါး ထင်မြင်လေ၍ မြိုင်ခြေကိုမှီကာ တောထွက်သောလသည် လဝါဆိုပင်ဖြစ်သည်။

ဘုရားအဖြစ် ပွင့်လေပြီးသော် "ဘိက္ခုနံ ပဥ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ၊ မိဂဒါယေ ဓမ္မဝရံယတ္တံ နိဗ္ဗာနပါပကံ" အစရှိသော ဓမ္မစကြာနိဒါန်းအရ သားသမင်အပေါင်းတို့ ဘေးမဲ့ရိပ်သာ မိဂဒါဝုန် ရဂုံမြိုင်ကြီးတွင် ပဥ္စဝဂ္ဂီငါးပါးအား ဓမ္မစက္ကပ္ပဝတ္တနသုတ် တရားထူးကို ဤဝါဆိုလပြည့်နေ့မှာပင် မြွက်ကြားတော်မူခဲ့လေသည်။

"မယ်တော်ကြာနန်း သန္ဓေမြန်းသည် နွယ်ပန်းပွင့်ချိန်"ဟူ၍ ရတုဖြင့်ဖွဲ့ဆိုကြသည်။ ဗုဒ္ဓမြတ်စွာသခင်သည် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် သန္ဓေယူတော်မူခဲ့ပေသည်။ ထို့အပြင် "သန္ဓေတောထွက် ဓမ္မစက်"ဟူသော ရှေးစာဆိုအတိုင်း မြတ်စွာဘုရား၏ အလောင်းအလျာသည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေယူခဲ့သည်မှာလည်း ဤဝါဆိုလပြည့်နေ့ပင် ဖြစ်ချေသည်။ ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ဓမ္မစကြာတရားဦးကို ဟောကြားတော်မူခဲ့သည်မှာလည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။

အတုလမင်းကြီးက **"အောင်ဆုယူလို ရှစ်ဖြူရိပ်စံ ပဥ္စင်းတော်ခံသောအခါ ရေလျှံတဲ့ဝါဆိုမှာ ပုန်းညက်ညိုမာလမင်းက သင်းတယ်လေး"** ဟုစပ်ဆိုခဲ့သည်။

ဝါဆိုလပြည့်သည် ဓမ္မစကြာတရားဦးဟောသည်ကို အကြောင်းပြု၍ ပဥ္စင်းခံပွဲများ ပြုလုပ်ကြသည်။ ကျွန်မတို့ ငယ်စဉ်က ကျောင်းများက မော်တော်ယာဉ်များတွင် တူရိယာများတင်၍ ကျောင်းသူများက ကကာ ကျောင်းအလိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲများကို ပျော်ရွှင်စွာ ကျင်းပလေ့ရှိသည်။ ရပ်ကွက်တိုင်းလည်း ဝါဆိုပန်းကပ်ခြင်း၊ ဝါဆိုဖယောင်းတိုင်ဖြင့် ဝါဆိုဆီမီးပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။ ပဥ္စင်းခံပွဲများတွင် အသက် ၂၀ ပြည့်သော ရှင်သာမဏေများကို ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမတို့က ပစ္စည်းလေးပါးဒကာခံပေးပြီး ရဟန်းဘောင်သို့ သွတ်သွင်းပေးကြ၍ ဦးပဥ္စင်းဘဝဖြင့် ဝါဆိုကြသည်။ ဝါဆိုလ၏ ရာသီဥတုမှာ ကြာညိုမှိုင်း အုံ့ဆိုင်းပြီး ရွာမယောင်ထင်ရသော မိုးဦးဖြစ်သည်။ ဝါဆိုလသည် မိုးတစိမ့်စိမ့်ရွာခြင်းကြောင့် အလွမ်းဓာတ်ခံရှိသူများ လွမ်းစမပြေ လွမ်းစိတ်ဝေစေသော လလည်းဖြစ်သည်။

ဤမြင့်မြတ်သော ဝါဆိုလသည် ရှေးစာဆိုတို့က **"သန္ဓေတောထွက် ဓမ္မစက်၊ ဟောမြွက်ခါကို လဝါဆို"**ဟူသော ဆိုစမှတ်ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အတွက် ထူးမြတ်သော လဖြစ်ပါသည်။ ။

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနကကြီးမှူး၍ ဇူလိုင် ၂ရက် နံနက်ပိုင်းက လသာမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂) ဦးအောင်ကျော်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးအောင်ကျော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အနာဂတ်နှင့် လူငယ်တာဝန်၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွဲ့စည်း ထူထောင်ရေးအကြောင်း ဟောပြောသည်။ ထို့နောက် ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်လှက ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**

ရှက်ပုန်းသီး လူငယ်အားကစားသမားများ ပေါ်ထွက်ရန်ရည်ရွယ် အကြီးတန်းနှင့် အငယ်တန်း စနူကာပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်က ကြီးမှူး၍ Rave Myanmar Snooker (Senior & Junior) Championship-2004 ကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ တောင်ကြီးနှင့်မော်လမြိုင် မြို့ကြီးငါးမြို့တွင် ဩဂုတ် ၁ရက်မှစတင်၍ တစ်ပြိုင်တည်း ကျင်းပရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်အနေဖြင့် အထူးချွန်ဆုံးနှင့် ရှက်ပုန်းသီးလူငယ်သွေးသစ် စနူကာအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။

ဆုကြေးထိုက်တန်စွာချီးမြှင့်မည်

ဆုကြေးများကိုလည်း ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ရာ အကြီးတန်း စနူကာပြိုင်ပွဲအတွက် ပထမဆုကြေးမှာ ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အထူးဆုတစ်ဆုလျှင် ကျပ်သုံးသောင်းဖြင့် ငါးဆုချီးမြှင့်မည်ဖြစ်ပြီး အငယ်တန်းစနူကာပြိုင်ပွဲအတွက် ပထမဆုကျပ်လေးသိန်း၊ ဒုတိယဆုကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အထူးဆု တစ်ဆုလျှင် ကျပ်သုံးသောင်းနှင့် ဆယ့်သုံးဆု အပါအဝင် ဆုကြေးငွေပေါင်း ၂၁ သိန်းလေးသောင်း ချီးမြှင့်မည် ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

အငယ်တန်း စနူကာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ရန်ကုန်မြို့တွင် Asia Plaza ၃၈လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ Asia Lanmadaw Plaza တတိယထပ် သံဈေးသစ်ကြီး လမ်းမတော်မြို့နယ်၊ ပထမထပ်ရန်ကင်းဈေးသစ်၊ Fantasy World ပထမထပ် သိမ်ကြီးဈေးစီရုံနှင့် Game City ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်းတို့တွင် လည်းကောင်း၊ မန္တလေးမြို့တွင် ပါဝင်ယှဉ်ပြိုင်မည့်သူများ Fantasy World ၇၈လမ်း၊ ၃၀ x၃၁ လမ်းကြား ဘူတာကြီးရှေ့တွင် လည်းကောင်း၊ မော်လမြိုင်မြို့တွင် ပါဝင်ယှဉ်ပြိုင်မည့်သူများ Game City မြိုင်ရတနာ လေးထပ်ဈေး၊ တောင်ကြီးမြို့တွင် ပါဝင်ယှဉ်ပြိုင်မည့်သူများ CheeryI အမှတ် ၂၅၆ သဇင်လမ်းနှင့် ဂုဏ်ထူးလမ်းထောင့် ပြည်တော်သာရပ်ကွက်တွင်လည်းကောင်း၊ ပုသိမ်မြို့တွင် ပါဝင် ယှဉ်ပြိုင်မည့် သူများအတွက် ဧရာဝတီကလပ်တို့တွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ဆက်လက်ယှဉ်ပြိုင်နိုင်

အဆိုပါမြို့ကြီးများမှ တစ်မြို့လျှင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူ သုံးဦးသည် ရန်ကုန်တွင် ကျင်းပမည့် ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲများသို့ တက်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်ကို အဖွဲ့ချုပ်အစီအစဉ်ဖြင့် ကျခံမည်ဖြစ်၍ ယင်းပြိုင်ပွဲမှ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူသုံးဦးသည် ရန်ကုန်တွင် ဆက်လက်ကျင်းပမည့်အကြီးတန်းစနူကာ ပြိုင်ပွဲသို့ ဆက်လက် ယှဉ်ပြိုင်ခွင့်ရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

မင်္ဂလာဒုံမြို့နယ် အထက(၁) မြဲရောခန်းမ၌ ချို့တဲ့နွမ်းပါး ကလေးများ စာအုပ်စာရေးကိရိယာ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က ကျင်းပရာ အမက(၂) ကမာရွတ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက ကလေးငယ်များအတွက် လှူဒါန်းငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အထက (၁) ကျောင်းအုပ် ဆရာကြီး ဦးစန်းဝင်းက လက်ခံရယူစဉ်။ (၃၆၃)

အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းကုသပေး တောင်ငူမြို့နယ်၌ကျန်းမာရေးပညာပေး ဟောပြောပွဲများ ကျင်းပ

တောင်ငူ ဇူလိုင် ၅

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယကက ကြီးမှူး၍ တောင်ငူမြို့အထွေထွေ ရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇွန် ၂၇ရက်က တောင်ငူမြို့နယ် ကေတုမတီမြို့သစ် အခြေခံပညာအထက်တန်းကျောင်း၌ မြို့သစ်နှင့် ပတ်ဝန်းကျင်နေပြည်သူများကို ကွင်းဆင်း ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ကြသည်။ (ဝဲပုံ)

အခမ်းအနားသို့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယကနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြပြီး တောင်ငူမြို့ အထွေထွေ ရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်သန်းနှင့် မြို့နယ်ကျန်းမာရေး အရာရှိ ဒေါက်တာ ဒေါ်ခင်လေးရီ တို့က ကျန်းမာရေး ပညာပေး ဟောပြောကြသည်။

အဆိုပါအထူးကုအဖွဲ့သည်ကျွန်းကုန်းကျေးလက် ကျန်းမာရေးဌာနပိုင် ကေတုမတီမြို့သစ်အတွင်းရှိ လူနာ ၇၈၀ဦးတို့ကို အထူးကုဆရာဝန်ကြီးများက ဆေးဝါးအခမဲ့ ကုသပေးကြသည်။ ဆက်လက်၍ ဆေးဝါးများ အခမဲ့ထောက်ပံ့ရန် ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ငွေကျပ်တစ်သိန်းကို တိုင်းမှူး၏ဇနီးမှ မြို့နယ်ကျန်းမာရေး အရာရှိ ဒေါက်တာ ဒေါ်ခင်လေးရီသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(၃၇၂)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မော်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၃၀

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ တောရကျောင်း ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယုနှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့မရပ်ကွက်ပေါင်းစုံမှ ပြည်သူများက သစ်ဆိမ့်ပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်နှင့် မဟော်ဂနီပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

(၀၉၇)

ဇွန် ၂၁ရက်က မော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စုတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မော်ဘီမြို့နယ်မှ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအုန်းလွင်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။

(က-ပ)

ဇွန်၁၉ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်ကံမမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူးဦးလှရွှေနှင့် ဥက္ကဋ္ဌ ဒေါ်ခင်ဖြူစင်တို့ကဦးဆောင်၍ ကံမမြို့ အထက်တန်းကျောင်းတွင်ကျင်းပစဉ်။

(က-ပ)

ဇွန် ၁၈ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် သက်ငယ် အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို သုံးဆယ် အထက၊ ပီမိုးနင်း ခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ရီက သက်ငယ်အဆိုပြုလွှာများလက်ခံရယူစဉ်။

(မြို့နယ် ပြန်/ဆက်)

အလ္လာရှင်မြတ်
အမိန့်တော်ခံယူခြင်း
ဟာဂျီဂနီ(ခ)
ဦးကံကြည်
အသက်(၆၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် အမှတ် ၁၂၆၊ ၃၁ လမ်းနေ (ဟာဂျီဦးမောင်ကလေး- ဟာဂျီဒေါ်တီ)တို့၏သား၊ ဟာဂျီမဒေါ်အမာဂျမ်း၊ ဒေါ်ဂူလ်၊ အလ်ဟာဂျ်ဦးသန်းကြည်တို့၏ညီ/မောင်၊ ဦးချိုးကူ၊ဒေါ်မာမာခင်တို့၏အစ်ကိုသည် ၃-၇-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့အစ္စရ်နမာဇ်အပြီး ကျူလီယာဗလီမှ ရေဝေး စူနီ ကဘာရ်စတန်ဥယျာဉ်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

အလ္လာရှင်မြတ်
အမိန့်တော်ခံယူခြင်း
ဟာဂျီဂနီ(ခ)
ဦးကံကြည်
အသက်(၆၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ် ရန်ပြေ အနောက်လမ်းနေ ဒေါ်ရင်ရင်အေး၏ခင်ပွန်း၊မလေးလေးနွယ်၊မောင်သစ်လွင်ဦး၊ မောင်ချစ်ဖြိုးလွင်တို့၏ ဖခင်သည် ၃-၇-၂၀၀၄ရက် (စနေနေ့)တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့အစ္စရ်နာမာဇ်အပြီး ကျူလီယာဗလီမှ ရေဝေးစူနီကဘာရ်စတန် ဥယျာဉ်တွင် ဒါဖနာ ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
Mohammed-Altaf-Khan
(ခ)ဦးချစ်ဆွေ
Radio Officer
Singa Ship Management
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် အမှတ် ၉၆၊ ၂၈ လမ်းနှင့် အမှတ် ၃၆၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးမန်းဇူး-ဒေါ်မရန်တို့၏သား၊ ရှရှီဒါးဘေဂမ်(ခ)ဒေါ်ဝင်းဝင်း၏ ခင်ပွန်း၊ ကိုအောင်ဝင်းဆွေ(SR.D/C Singa Shipping)-မခင်ဥမ္မာသန်း၊ ကိုမောင်မောင်ဦး (ZEAL International Co.,Ltd.)-မလဲ့လဲ့ဝင်း၊ မောင်ချစ်ညီညီ (SR. D/C Golden Eagle Shipping Co., Ltd.)-မရူပစန္ဒီတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ အဆွာရ်နမာဇ်အပြီး ရေဝေး စူနီကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးညီမောင်အေး
စာရင်းကိုင်အုပ်(ငြိမ်း)
ဆောက်လုပ်ရေး
အသက်(၆၆)နှစ်

ပခုက္ကူမြို့ စွန်သိုက်ရပ်၊ အောင်တော်မူလမ်းနေ မန္တလေးမြို့ အဆောက်အအုံ အထူးအဖွဲ့(၆) ဝန်ထမ်းအိမ်ရာနေ ဒေါ်စန်းမူ၏ခင်ပွန်း၊ ကိုအုန်းထွန်းမောင် (N.T.E)၊ကိုသိန်းထွန်းမောင်၊ ကိုစောထွန်းမောင်၊ ကိုဝင်းနိုင်-မအေးမီမီထွန်း၊ မအေးသန်းသန်းထွန်း၊ မနွယ်ညီညီထွန်းတို့၏ ဖခင်၊ မောင်ကျော်ခန့်ပိုင် (ရတနာပုံမူကြို)၏ အဘိုးသည် ၃-၇-၂၀၀၄ ရက် ညနေ ၄း၂၀ နာရီတွင် မန္တလေးမြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင် အမှတ်(၅) ဂရန်မြေကွက်အား ဒေါ်ရန်ဆွင်ချင် မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်) ၀၉၈၉၂၃မှ အမှုတွဲအမှတ် ၁၃၃၉/၂၀၀၂-၂၀၀၃ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်း/ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူ ရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်း ကြေညာ အပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်မင်းသူအောင် ၈/ခမန(နိုင်)၁၂၆၁၃၅ သည် မိမိဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ဆင်းသွားသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

မိဘများ
ဦးအောင်အောင်ထွေး
ဒေါ်ခင်စန်းရီ
ရွှေသူဌေးရပ်၊ ချောက်မြို့။

MCC ၏ အကျိုးရှိရှိ ထိထိမိမိ သင်တန်းများ

◆ **Junior Management & Office Staff** ၁၃ပတ် - (၁၅၀၀၀/-)

Fax, Email

◆ **Computerised Accounting Course** ၁၂ပတ် - (၁၅၀၀၀/-)

Accpac Plus Software

ဖုန်း ၃၀၅၂၀၄၊ ၆၅၂၂၃၆

အမည်ပြောင်း

အဖ ဦးမျိုးညွန့်၏သမီးဖြစ်သူ မသက်ဆုမွန် ၁၂/အစန(နိုင်) ၁၇၄၂၁၇ အား မသက်ဟေသာမျိုးဟု ပြောင်းလဲခေါ်ပါရန်။

မသက်ဟေသာမျိုး။

အမည်ပြောင်း

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီး စံပြကျေးရွာ အခြေခံပညာ အထက် တန်းကျောင်း အဋ္ဌမတန်းမှ ဦးတင်စိုး ၏သမီး မစျာန်ပိုထွန်းကို မဆုပိုပိုထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မဆုပိုပိုထွန်း။**

ဖခင်အမည်မှန်

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီး စံပြကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း ဒသမတန်း(ခ)မှ မမိုးမိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင် ပခန(နိုင်) ၁၃၉၇၅၁အရ ဦးညွန့်ဦး ဖြစ်ပါ ကြောင်း။ **ဦးညွန့်ဦး။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိခင်၊အစ်ကို၊ အစ်မများ၏ဆိုဆုံးမ မှုကို မနာခံဘဲ မိမိတစ်ဦးတည်း၏ သဘောဆန္ဒအရ ပြုလုပ်သွားပါ၍ မစန္ဒာ KLT ၀၀၁၄၈၄ အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင် ဒေါ်မြစော(KLT ၁၂၅၀၇၄)

ကျိုက်လတ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)

 လျှောက်လွှာခေါ်ယူခြင်း

၁။ ... ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) နှင့် Forever Group တို့ ...

၂။ သင်တန်းများ

Specialized in " Character Animation & Advanced Media "

Level 1. Graphic Production for Exporting any Media (၂) လ

Level 2. Video/Audio Production, Motion Graphics & Visual Effects (၃) လ

Level 3. Character Animation & Advanced Media (၃) လ

Specialized in " Multimedia & Infocom Technology "

Level 1. Graphic Production for Exporting any Media (၂) လ

Level 2. Rich Media Content Creation, Interactive TV & Streaming Video (၄) လ

Level 3. Multimedia & Information Communication Technology (၄) လ

၃။ လျှောက်လွှာပုံစံများ

၄။ သင်တန်းဖွင့်ရက် (၂၄-၉-၂၀၀၄)

၅။ ...

၆။ ... Public Holiday ...

Forever Group Co., Ltd.

... Broadcast Studio ... GlobeCaster All in One Studio Solution ... Bagan Cybertech ... Broadband Internet/Intranet Facilities ... Adobe ... Design Solution "Adobe Creative Suite" ... Web Designer ... Rich Media Content Creator ... Multimedia Developer ... Information Age ... On Job Training ...

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း ၂၀ အရ)

မန္တလေးတိုင်းတရားရုံး

၂၀၀၄ခုနှစ် တရားမကြီးအမှု အမှတ်- ၂၁၃

ဒေါ်ကံမှီ နှင့် ၁။ ဦးမောင်မောင်စိုး
၂။ ဒေါ်ခင်မာချို

၁။ ဦးမောင်မောင်စိုး ၂။ ဒေါ်ခင်မာချို (အတူနေလင်မယား) (ယခင်နေရပ်လိပ်စာ) အမှတ် ၅၂ အကွက် ခခ/၂၊ ၅၈-၅၉လမ်းကြား ထန်းကိုးပင်တောင်ဘက် မန္တလေးမြို့။ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကံမှီက ကုန်ဖိုးကျန်ငွေကျပ် ၈၁၄၇၇၀၀ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့ (၁၃၆၆၊ ပထမဝါဆိုလဆုတ် ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။ ၂၀၀၄ ခုနှစ် ဇွန်လ ၂၉ ရက် နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်

တွဲဖက်တိုင်းတရားသူကြီး(၃)။

အများသိစေရန်

အမှတ် (၂၁/၂၃)၊ ဗိုလ်တထောင် လမ်းသွယ် (၂)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်တွင် နေထိုင်သူ မချိုနွယ်စိုး၊ ၁၂/ဗတထ(နိုင်)၀၃၂၀၅၉ သည် ၄-၇-၂၀၀၄ ရက် နံနက် ၁၁ နာရီ ခန့်တွင် နေအိမ်မှအပြင်သို့ မုန့်သွား စားမည်ဟုဆိုပြီး ထွက်သွားရာမှ နေအိမ် သို့ ပြန်လည် ရောက်ရှိလာခြင်း မရှိ တော့ပါ။ သို့ပါ၍ မချိုနွယ်စိုးအား ဖြားယောင်းသွေးဆောင်သွားသူများ၊ လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးအောင်ကျော်မိ တရားရုံးချုပ်ရှေ့နေ

အမှတ် (၇၅)၊ (၄၄) လမ်း၊ ရန်ကုန်မြို့။

ဖုန်း-၂၉၆၀၅၅၊ ၀၉-၉၉-၂၅၇၀၉

မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မမီမီလှိုင် ၁၂/ကမရ (နိုင်) ၁၁၂၆၇၂သည် မိဘ၊ဆွေမျိုးများအား စိတ် ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါ သဖြင့် ၄-၇-၂၀၀၄ရက်မှစ၍ အမွေစားအမွေခံမွေးစားသမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

ဦးသန်းလှိုင် (၁၂/ကမရ(နိုင်) ၀၁၀၄၀၂)-ဒေါ်ခင်မြင့်(၁၂/ကမရ(နိုင်) ၀၂၁၂၄၂)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့်၅)

မွန်ပြည်နယ် နယ်တရားမရုံး၌

၂၀၀၄ခုနှစ် တရားမကြီး အမှုအမှတ်-၃၂

ကိုရွှေတင် နှင့် မယဉ်ပြုံးတင့်(ခ) မဆုဝတ်ရည်
တရားလို **တရားပြိုင်**

မယဉ်ပြုံးတင့် (ခ) မဆုဝတ်ရည် (ယခင်လိပ်စာ) တိုက် (၃) အခန်း (၃) (၃)ထပ် ဝန်ထမ်း အိမ်ရာ မောင်ဇံရပ်၊ မော်လမြိုင်မြို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုကိုရွှေတင်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ရက် (၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ညွန့်

ပြည်နယ်တရားသူကြီး။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးစစ်ချမ်း (ပဲခူး)
ဒုတိယရဲမှူးကြီး(ငြိမ်း)၊ မော်ကွန်းဝင်(ပ)ဆင့် ရဲကျော်သူ
အသက်(၈၀)

ရန်ကုန်မြို့ ခြံအမှတ်(၁)၊မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နေ (ဦးရွှေအေး-ဒေါ်ကျင်လှ)တို့၏သား၊ (ဦးချစ်ဖေ-ဒေါ်အေးမြင့်) တို့၏ သားသမက်၊ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊ ဦးစစ်မြ-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ ဒေါ်ခင်ဆွေဦး၊ဦးသောင်းအေး-ဒေါ်လှလှဝင်း၊ ဒေါ်စန်းစန်းဝင်း၊ ဦးစစ်နိုင်- ဒေါ်ချိုမာလေး၊ ဦးစစ်မြိုင်-ဒေါ်ကျင်ကြူ၊ဦးစစ်ပိုင်-ဒေါ်တင်တင်ခိုင်၊ ဦးလှ အောင်-ဒေါ်နီနီချမ်း၊ ဦးစစ်နိုင်အောင်-ဒေါ်ဒေစီမြင့်တို့၏မွေးသဖခင်၊မြေး ၁၂ ယောက်တို့၏အဘိုးသည် ၅-၇-၂၀၀၄ရက် နံနက် ၂ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ကိုကျော်စွာ(ခ)ခင်မောင်ချို
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၄၅)၊ လှည်းတန်းလမ်းနေ ဦးကျော်သူ-ဒေါ်စန်းစန်းတို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊(၂၄)ရပ်ကွက်၊နဝရတ် ၅ လမ်း၊ အမှတ်(၁၁၆၉)နေ ဦးအောင်မြင့်-ဒေါ် အေးအေးခိုင်တို့၏သားသမက်၊ မခင် လှလှမိုး၏ခင်ပွန်း၊ မောင်အုပ်စိုးခန့်၏ ဖခင်၊ ကိုအောင်နိုင်-မသင်းသင်းရီ၊ ကိုသန်းလှ-မမီမီကျော်၊ဗိုလ်မှူးမောင်ကို- မမိုးမကျော်၊ ကိုဇေလတ်-မစန္ဒာဝင်း၊ ကိုအောင်မင်း၊ (ကိုသောင်းဆက်)- မကေသွယ်ဝင်း၊ မောင်သန့်ဇင်တို့၏ အစ်ကို/မောင်/ညီ၊ တူ တူမ ၁၃ ယောက်တို့၏ ဦးလေး/ဘကြီးသည် ၂၇-၆-၂၀၀၄ရက် နံနက် ၄ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၄၅)၊ လှည်းတန်းလမ်းနေအိမ်၌ကွယ်လွန်သွား ပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေ အပေါင်းတို့အား အကြောင်းကြားသိစေ အပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

အမီအဇစ်(ခ)ဒေါ်လှနွယ်(အီးအမ်ဒီဝိုင်-၂၇၃၃၁၄)နှင့်
အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မင်းလမ်း၊ အမှတ် (၂၉)နေ တိုင်းအင်ဂျင်နီယာ(ငြိမ်း) ဦးတင့်ဇော်(ခ)မာမက်ဆူလေမန် (စီအက်ဖ်-၀၁၂၂၃၇)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ် ပါသည်။

မန္တလေးမြို့နေ ကွယ်လွန်သူ အဇစ်ဘိုင်(ခ)ဦးအုန်းခိုင်နှင့် ဒေါ်ခင်ကြည် တို့၏သမီး အမီအဇစ်(ခ)ဒေါ်လှနွယ်ကို မဟာမေဒင်ဥပဒေအရ မဟာ ရွှေတင်၍ မန္တလေးမြို့တွင် ကျွန်ုပ်မိတ်ဆွေက လက်ထပ်ခဲ့ပါသည်။

ယခုအခါ အမီအဇစ်(ခ)ဒေါ်လှနွယ်သည် ခင်ပွန်းဖြစ်သူအပေါ် ခွင့်မလွှတ်နိုင်လောက်အောင်၊ စိတ်ဆင်းရဲမှုများဖြစ်ပေါ်အောင်၊ ကျင့်ကြံ ပြုလုပ်ခဲ့ပါသည်။ မဟာမေဒင်၏ဥပဒေအရ (Tolag-ul-biddat) တလတ်ကွလ်ဘီဒတ် သုံးကြိမ်ခေါ်၍ ၃၀-၁၁-၂၀၀၃ ရက်မှစ၍ အမီ အဇစ်(ခ)ဒေါ်လှနွယ်အား မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း၊ အများသိစေရန် ကြေညာလိုက်ပါသည်။

၎င်းအပြင် အမီအဇစ်(ခ)ဒေါ်လှနွယ်နှင့် ပထမအိမ်ထောင် ဦးစံမောင်နှင့်ရရှိခဲ့သော သမီးမခင်မနွယ်မှာ ဦးတင့်ဇော်(ခ) မာမက် ဆူလေမန်၏သမီးမဟုတ်ပါကြောင်း၊ အများသိစေရန် ကြေညာ အပ်ပါ သည်။

လွှဲအပ်ချက်အရ-

ဦးဘုန်းအောင်ကျော်၊ ဦးအေးသိမ်းကျော်

တရားရုံးချုပ်ရှေ့နေ

၂၇/၂၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၂၅၁၈၆၅

သားအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်၊ ကျောက်တလုံးလမ်း၊ အိမ်အမှတ် မ/ ၃၃ နေ ဦးစိုင်းထွန်းမြင့်-ဒေါ်နန်းစံ တို့၏သား စိုင်းအောင်ထွန်းဦး ၁၃/ တကန(နိုင်)၁၄၅၇၆၈ မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက်ပြုမူ နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် သက်ဆိုင် သော ကိစ္စများ တာဝန်မယူပါ။

မိခင်-ဒေါ်နန်းစံ(တောင်ကြီး)

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဦးတင်မောင်ထွေး
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က) ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၁၅၂ နေ ဒေါ်မြ၏ခင်ပွန်း၊ ရာသက်ပန် အသင်းဝင် (၁၇၃၂)သည် ၃၀-၆-၂၀၀၄ ရက်တွင် ကွယ်လွန် သွားပါ၍ ၂-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လက်ထောက် အင်ဂျင်နီယာ ချုပ် (မြို့ပြ) ဦးလှအောင်-အထက(၄)အလုံမှ အထက်တန်းပြဆရာမ ဒေါ်ကြည်ကြည်ညွန့်တို့၏ မိခင်ဖြစ်သူ ဒေါ်လှစိန် (မြမြဝင်းပုံနှိပ်တိုက်) အသက် (၈၀)သည် ၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိ ရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊

မိဘဆရာအသင်း၊

အထက (၄) အလုံ။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှတင် (သပြေတောင်း)
အသက်(၇၀)

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြင်းခြံကုန်းရွာနေ (ဦးဘရီ-ဒေါ်ချော)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်သိန်းဥ)၊ ဦးမြမောင်(ဦးကောဝိဒ)-ဒေါ်သန်းရှင်၊ ဒေါ်မြရင်တို့၏ညီမ၊ ဦးသာချို-ဒေါ်ညွန့်ကြည်၊ (ဦးတင်ဝင်း)-ဒေါ်ခင်စန်းမြင့်၊ ဦးတင်လှိုင်-ဒေါ်ခင်သန်းထွေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၁၅၊ အောင်ချမ်းသာ ၅ လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ဇနီးသည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှတင် (သပြေတောင်း)
အသက်(၇၀)

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြင်းခြံကုန်းရွာနေ (ဦးဘရီ-ဒေါ်ချော)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၅၊ အောင်ချမ်းသာ ၅ လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ဇနီး၊ မဝါဝါအောင်(မသိန်းနိုင်)၊ ကိုအောင်ဇင်ဝင်း(လဝကမှူး)-မသီတာအောင်(လဝကမှူး)၊ မနီလာအောင်(လက်ထောက်ကထိက၊ ပထဝီဝင်ဌာန၊ အနောက်ပိုင်းတက္ကသိုလ်)၊ ကိုနေမျိုးဝင်းအောင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ကိုလှမျိုးဝင်းအောင် (အောင်သစ္စာ သယ်ယူပို့ဆောင်ရေး)-မကြူကြူမြတ် (အလက-၄၊ ကြည့်မြင်တိုင်)၊ ကိုဇော်ဝင်းအောင်(အောင်သစ္စာ သယ်ယူပို့ဆောင်ရေး)-မအေးလဲ့ဖြူတို့၏မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၁၀:၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမောင်မောင်(ခ)
ဦးအောင်ဒင် (ငါးသိုင်းချောင်း)
အသက်(၇၈)နှစ်

(သစ်တောဝန်ထောက် ဦးဝင့်မော်-ဒေါ်မျိုးရီ)တို့၏သား၊ ဓနိကုန်းမြို့နေ (သစ်တောဝန်ထောက် ဦးကံရင်-ဒေါ်စောကျင်)တို့၏သားသမက်၊ မန္တလေးမြို့၊မိုးတားကျောင်းတိုက်မှ ဦးဝါယာမ၏ ရဟန်းဒါယကာ၊ ရန်ကုန်မြို့၊ အမှတ် ၂၅၇(ပထပ်၊ ယာ)၊ ဆိပ်ကမ်းသာလမ်းနေ ဒေါ်လှမြိုင်၏ခင်ပွန်း၊ ဦးမျိုးဝင်း (ပြည်သူ့ဆောက်လုပ်ရေး) - ဒေါ်ခင်ခင်ဦး(လမ်းဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေး)၊ (ဦးရာဇာ)၊ ဦးနန်းနွယ်(R.O)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်ဖြူဝင်း (အထက၊ ကျောက်တံတား)၊ (ဦးသိန်းအောင်)၊ ဦးမျိုးညွန့် (E.E Moon Soon Ship)-ဒေါ်ခင်ခင်ပြုံး၊ ဒေါ်စိုးစိုး (ငွေစာရင်း၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၅-၇-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွန်းကြည်(ခ)
ဒေါ်ပု (ထားဝယ်)
အသက်(၆၉)နှစ်

ထားဝယ်မြို့၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ကျေးရွာနှင့် ရန်ကုန်မြို့၊ အမှတ် ၇၆၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်နေ(ဦးလှကြည်)၏ဇနီး၊ ဒေါ်လှကြည်၊ဒေါ်နှင်းကြည်တို့၏ညီမ၊ကိုသက်ဝေ-မရီနှင်း၊ ဦးဝင်း-ဒေါ်အေးဝင်း၊ ဦးအောင်ဝေ-ဒေါ်ခင်မာဝင်း၊ ကိုထွန်းလင်း-မသန်းသန်းဝေ၊ ကိုအောင်မိုး (MMG JETTY)-မအေးအေးသက်တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၅-၇-၂၀၀၄ရက်(တနင်္လာနေ့)ည ၈ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်မြင့်
B.Sc(Physics), H.G.P., R.L
တရားရုံးချုပ်ရှေ့နေ
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ ခြံအမှတ် ၉/B၊ အခန်းအမှတ် F(ငါးလွှာ)နေ ဒေါ်ခင်ခင်ဝင်း၏ခင်ပွန်း၊ မသီရိမောင်မောင်မြင့်၊ မောင်ဘုန်းစည်သူ(B.Tech၊ ပထမနှစ်၊ စက်မှု၊ GTC ၊ မအူပင်)တို့၏ဖခင်သည် ၅-၇-၂၀၀၄ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စောလှ (စစ်တွေ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၅၃၊ သင်းဝင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးရောင်စင်း-ဒေါ်မြေ)တို့၏သမီး၊ (ဦးပါ)၏ဇနီး၊(ဦးအောင်သာကျော်)-ဒေါ်အမာ၊ ဦးထွန်းကြိုင် - (ဒေါ်စောသာ)၊ ဦးအောင်သာထွန်း - (ဒေါ်လှမြင့်)တို့၏အစ်မကြီး၊ ဦးအောင်မြင့်-ဒေါ်လေးလေးမြင့်၊ ဦးသန်းဌေး-ဒေါ်ခတုထွန်းဝေ၊ဦးသန်းဆွေ-ဒေါ်သိန်းသိန်းစိုးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆-၇-၂၀၀၄ရက် ည ၈:၀၅ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ရီတားဒေါ်သန်းကြည်
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ အမှတ် ၃၈၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်နေ (ဦးဂျော်နီသိန်းမောင်)၏ဇနီး၊ ဦးမျိုးသန့်၊ ဒေါ်မူမူဌေး၊ ဒေါ်ကြူကြူဌေးတို့၏မိခင်၊ မောင်ဇေယျာအောင်၏အဘွားသည် ၆-၇-၂၀၀၄ရက် နံနက် ၉:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါ၍ ၈-၇-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် အင်းစိန်မြို့၊စိန့်လာဇရုးကက်သလစ်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ မြေမြှုပ်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မုဒုံအသင်း(ရန်ကုန်)
ဒေါ်ဝင်းကြည်ခင်
အသက်(၇၃)နှစ်

အမှတ် ၁၀၇(A)၊ ပထပ်၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေ ဒေါ်ဝင်းကြည်ခင် (မုဒုံအသင်း ရာသက်ပန်အသင်းဝင်)သည် ၆-၇-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့။

ဦးစိုးနိုင်(ခ)ကျင်းကျုံ (ဝါးခယ်မ)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊အမှတ် ၃၃၈၊တပင်ရွှေထီးလမ်း၊ မရမ်းကုန်းမြို့နေ (ဦးစစ်ညိမ်း)-ဒေါ်အေးကြည်တို့၏သားငယ်၊(ဦးမြင့်)-ဒေါ်ညွှန့်ညွှန့်ခင်တို့၏ သားသမက်၊ အမှတ် ၅၄၀၊ကန္နားလမ်း၊ကြည့်မြင်တိုင်နေ(ဒေါ်မူမူမြင့်)၏ခင်ပွန်း၊ဦးသိန်းနိုင်-ဒေါ်သန်းသန်းစိုး၊ ဦးမြင့်နိုင်-ဒေါ်မြဝင်းတို့၏ညီ၊ ကိုချစ်ဝင်း-မလွင်လွင်စိုး၊ မသီသီခိုင်၊မောင်သူရစိုး-မအေးသီတာမျိုးတို့၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၇-၂၀၀၄ရက် နံနက် ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ပြုံး (ကွမ်းခြံကုန်း)
အသက်(၉၇)နှစ်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် ၆၆ နေ (ဦးမောင်ညွှန့်)၏ဇနီး၊ ဦးကျော်လှိုင်-(ဒေါ်မြသန်း)ဒေါ်ပြုံး၊ ဦးကျော်မြိုင်-ဒေါ်အေးအေး(ခေတ္တ-USA)၊ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး၊ Golden Beach Hotel Chaung Tha)-ဒေါ်ခင်ခင်အေး(ရှေ့ဆောင်ပုံနှိပ်တိုက်)၊ ဦးကျော်စွာ (Computer)-ဒေါ်မြမြသွင် (အထပြငြိမ်း)(ခေတ္တ-USA)တို့၏မိခင်၊ ဦးအောင်ကျော်ဦး-မဂီ(Artman Co., Ltd. & Idea Co.,Ltd.)၊ ဒေါက်တာအောင်ကျော်ထူး(Kaiser Permante, Bakers Field)၊ ဦးအောင်ကျော်ဖြိုး-မတယ်မီ(San Jose)၊ မောင်အောင်ကျော်ကျော်(ဆေး-၁)၊ မောင်ဖြိုးဝေခိုင်(UC Berkeley)၊မောင်တေဇာခိုင်၊မောင်ထိန်လင်းခိုင်၊မောင်ထိန်ဝင်းခိုင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၃-၇-၂၀၀၄ရက် ညနေ ၅:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးတရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများနံနက်၉နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇောမောင်
GM, Noble Hotel၊ စစ်တွေမြို့
အသက်(၃၈)နှစ်

ကိုကျော်ဇောမောင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အဏ္ဏဝါဝင်းရေလုပ်ငန်းကုမ္ပဏီဝန်ထမ်းများ။**

လွမ်းဆွတ်သတိရခြင်း
ဒေါ်ခင်လှမြင့် (ညိုညို)

မေမေကြီး တွယ်တာလှတဲ့မိသားစုကိုခွဲခွာ၍ သံသရာခရီး ထွက်ခွာသွားသည်မှာ ၇-၇-၂၀၀၄ရက်တွင် (၁၉)နှစ်ပြည့်ခဲ့သော်လည်း အချိန်တိုင်းကြေကွဲတမ်းတလျက်ရှိပါသည်။ မေမေကြီးအတွက် ရည်မှန်းပြုလုပ်သောကုသိုလ်ကောင်းမှုအားလုံးကို သာဓုခေါ်ဆိုနိုင်ပါစေ။

မေမေကြီး ရေ-အမျှ အမျှ အမျှ။

ဦးရဲမြင့်၊ သားသမီးနှင့်မြေးများ။

ဦးကျော်ညွှန့် (ခရမ်း၊ပွဲရုံတန်း)
အသက်(၈၇)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပွဲရုံတန်းနေ ဦးထွန်းရင်-ဒေါ်သဲရင်၊ ဦးဖိုးဆန်း-ဒေါ်ငွေမြင့်တို့၏သားသမက်၊ (ဦးအောင်စိုး၊ အထက-၂)-ဒေါ်လှလှဝင်း၊ ဦးသိန်းထိုက်-ဒေါ်ရီ၊ ဒေါ်အေးရီ (ကျွဲကူး-ကျောက်ဖျာ တံတားစီမံကိန်း)တို့၏ဖခင်၊ ကိုကျော်ရဲထွဋ်(ကျွဲကူး-ကျောက်ဖျာ တံတားစီမံကိန်း)၊ ကိုရဲမြင့်သူ၊ ကိုအောင်မျိုး၊ ကိုထက်အာကာကျော်တို့၏အဖေကြီး၊ (ဒေါ်ဝက်)၏ခင်ပွန်းသည် ၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက်တွင် ခရမ်းမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ဖြူမေ (စစ်တွေ)
အသက်(၈၀)

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ကျေးပင်ကြီးရပ်ကွက်၊ ကုန်သည်လမ်း၊ ကသ(၅၄)နေ (ဦးဒေါင်းလှအောင်)၏ဇနီး၊ (ဦးကျော်သာ)-ဒေါ်စံသာ၊ (ဦးကျော်ဇောအောင်-ဒေါ်စံနုဖြူ) တို့၏ အစ်မ၊ ဦးကျော်မြ (ကုန်သည်)-ဒေါ်ချိုချို၊ ဒေါက်တာအောင်ကျော်သိန်း (ပေါက်တောမြို့နယ်ဆရာဝန်)-ဒေါ်စိန်ရွှေ၊ (ဦးမောင်အေးညွှန့်၊ မွေးမြူနည်းပြ)၊ ဒေါ်လှမေ (လေ့ကျင့်ရေးကျောင်း၊ ကျောက်ဖြူ)၊ (ဦးလှထွန်းကျော်၊ လ/ထညွှန်မှူး၊ နယ်စပ်/စည်ပင်၊ ငြိမ်း)- ဒေါ်သန်းရွှေ၊ (ဦးမောင်အေးခင်၊ က-သလယ်ယာ)-ဒေါ်အုန်းမေ၊ဦးကျော်နု(အင်/ယာ၊စစ်တွေ ဆိပ်ကမ်း)-ဒေါ်သိန်းခင်၊ဦးမြသိန်း(ဒုလ/ထ အကောက်ခွန်မှူး၊ နစခ၊ လွယ်ဂျယ်)-ဒေါ်မြင့်မြင့်ရီ၊ မောင်ကျော်မြတို့၏ မိခင်၊ မြေး ၁၈ယောက်တို့၏ အဘောင်ရင်သည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင်သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၇၈၆(ငါးလွှာ၊ ညာ)၊ ဇေယျာသုခလမ်း၊ မေတ္တာညွှန့်၊ တာမွေနေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အုန်းမြင့် (ဘားအံမြို့)
(ကျောင်းဆရာမ၊ ငြိမ်း)
အသက်(၇၁)နှစ်

ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်သစ် (သ/မ အသင်းစုမှူး၊ ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးသစ်-ဦးဦးမြင့်၊ ဦးဇော်ဝင်း-ဒေါ်နန်းမြင့်မြင့်စန်း၊ ဒေါ်ချိုချိုမော်၊ ဦးဝင်းနိုင်-ဒေါ်မိုမိုအောင်၊ ဦးဝင်းခိုင်-ဒေါ်သင်းမြတ်ခိုင်၊ ဦးမျိုးမင်းထိုက်-ဒေါ်စန္ဒာဝင်း၊ဒေါက်တာအိမ့်မွန်သန့်တို့၏မိခင်သည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉:၄၀နာရီတွင် ရန်ကုန်မြို့ မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းကြည်ခင် (မုဒုံ)
အသက်(၇၃)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးကျွံတရောင်-ဒေါ်လှညို)တို့၏သမီး၊ (ဦးတင်လှ)၏ဇနီး၊ မော်လမြိုင်မြို့နေ (ဦးဟုတ်စွမ်-ဒေါ်လှကြည်)၊ မုဒုံမြို့နေ ဦးထွန်းကြိုင်-(ဒေါ်ခင်ကြည်တင့်)တို့၏ညီမ၊ ဒလမြို့နေ ဦးသိန်းဇံ-(ဒေါ်နုမေ)တို့၏အစ်မ၊ အမှတ် ၁၀၇(A)၊ ပထမထပ်၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေ ဦးကျော်ရွှေ (Air Mandalay)-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ဦးစိုးဌေး-ဒေါ်နွယ်နွယ်ဝင်း၊ဦးဝင်းကျော်အောင်၊ ဒေါ်ယုယုဝေတို့၏အဒေါ်၊ မဇင်ဇင်၊ မောင်ရဲကျော်ဖြိုး၊ မယဉ်သူဇာကျော်တို့၏အဘွားသည် ၆-၇-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၂၂၁ (ပထမထပ်၊ယာ)နေ ဦးနု၏ဇနီး၊ မဥမ္မာနု၊ (ကိုအေးဇော်)-မသီတာ၊ ကိုရဲဝင်း-မခင်သန်းဝင်း၊ ကိုနေလင်း(ခ) Phillip Nu၊ ကိုသက်နိုင်-မချိုချိုမာ၊ (ကိုသန့်ဇင်)-မရိန်မာ၊ ကိုတိုးနု၊ ကိုဌေးလင်းအောင်-မကေသီနု၊ ကိုမောင်-မမြင့်စန္ဒာနုတို့၏မိခင်၊မြေး ၁၇ ယောက်တို့၏အဘွားသည် ၂-၇-၂၀၀၄ရက် (သောကြာနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှလှသိန်း(ခ)ဒေါ်လှလှသိုက်
(ကျောက်ပန်းတောင်း)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်နေ ဦးလှသောင်း(သစ်လုပ်ငန်း၊ ငြိမ်း) - ဒေါ်တင်အောင်၊ ကျောက်ပန်းတောင်း၊ မြို့တောင်မြို့ရပ်နေ ဦးချစ်တင်(ကျောင်းအုပ်၊ ငြိမ်း)-ဒေါ်တင်အေးတို့၏တူမ၊ ကျောက်ပန်းတောင်းမြို့နေ (ဦးသန်းတင်-ဒေါ်ခင်တင့်)တို့၏သမီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ လိုင်း(၁၇)၊ က/၆ နေ ဦးထွန်းသိန်း (ဌာနခွဲမှူး၊ စီမံခန့်ခွဲရေး၊ M.E.P.E၊ ရုံးချုပ်)၏ဇနီး၊ မောင်လင်းလင်းကျော် - မသန္တာထွန်းသိန်း (M.E.P.E၊ ဘဏ္ဍာရေးရုံးချုပ်)၊ မမိမိထွန်းသိန်း(M_2 Engg Chem၊ ရန်ကုန်တက္ကသိုလ်)၊ မဇာဇာထွန်းတို့၏မိခင်၊ မအေးမြင့်တင်(M.E.P.E၊ ဘဏ္ဍာရေးရုံးချုပ်)၊ မောင်အောင်မျိုးသန့်(အထက-၄၊ အလုံ)တို့၏အဒေါ်သည် ၆-၇-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးဘငွေ (မြင်းခြံ)
(မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအာဘိဓမ္မိကဝိသိဋ္ဌ ကလျာဏဉာဏဓဇ)
အသက်(၈၇)နှစ်

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက အဘိဓမ္မာ သင်တန်းပြဆရာကြီး ရွှေမင်းဝံသာသနာ့ရိပ်သာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဦးဘငွေသည် ၆-၇-၂၀၀၄တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ ဆူးလေစေတီတော်ရင်ပြင်။

ဦးစောချစ် (ရွှေညောင်)
အသက်(၇၈)နှစ်

(ဦးမောင်သော်-ဒေါ်အေးရှင်)တို့၏သား၊ ဒေါ်မိမိ၏ခင်ပွန်း၊ (ဦးစောဦး)၏ညီ၊ ဒေါ်တင့်၊ (ဦးနီ)၊ ဦးလှထွန်းတို့၏အစ်ကို၊ ဦးထွန်းဇော်ဦး-ဒေါ်ချိုတူး၊ ဦးမောင်မောင်ကြီး၊ ဦးဘသက်အောင်-ဒေါ်စိုးစိုး၊ ဦးမင်းညွှန့်-ဒေါ်မိုးမိုးတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၆-၇-၂၀၀၄ရက် မွန်းလွဲ ၁:၃၅ နာရီတွင် အမှတ် ၄၃၈၊ မြရတနာ ၂ လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမ
ဒေါ်လှကြည် (သုံးခွ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၇၈/၃၈၀ နေ (ဦးဘိုးရင်-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးသာရီ)၏ဇနီး၊ ဦးကျော်သိန်း၏အစ်မ၊ [ဦးလွင်ရီ(ခ)ဦးဆန်နီ]၊ ဦးတင်ထွန်း(E/O, P.I.L Co. Singapore)-ဒေါ်စီစီရီ(ခ)ဒေါ်ဘိုမတို့၏မိခင်၊ မခိုင်ဆုဝင်း(1st MB, IM II)၊ မသီရိအောင် (အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈:၂၀ နာရီတွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဆွေ(ခ)
ဒါရိုက်တာမောင်နီလွင် (သပြု)
အသက်(၅၅)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ ဦးဖိုးရင်-ဒေါ်အုပ်ကြီးတို့၏မြေး၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ ၄ လမ်း၊ အမှတ် ၇၈၈ နေ မတင်တင်နွယ်(ခ)မယမင်းဖြိုး၏ခင်ပွန်း၊ မဝင်းလဲ့ရွှေနီလွင်(ဒဂုံတက္ကသိုလ်)၊ မအိမ့်ဖြူလွင်(ဒဂုံ၊အထက)တို့၏ဖခင်သည် ၆-၇-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒဂုံနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နုနုစိန် (ကမာရွတ်)
မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
အသက်(၅၃)နှစ်

အမှတ် ၅၄၊ ရန်ကုန်-အင်းစိန်လမ်း၊ စံရိပ်ငြိမ်နေ (ဦးကျော်စိန်)-ဒေါ်စိုးရင်တို့၏သမီး၊ အမှတ် ၂၃၊ သံတံတားလမ်း၊ စမ်းချောင်းနေ (ဦးမောင်မောင်စိုး-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ဒေါက်တာတင်မောင်ဝင်း(ဌာနမှူး၊ စည်ပင်ကျန်းမာရေးဌာန) - ဒေါ်အေးအေးသန်းတို့၏ညီမ၊ ဦးလှအေး-ဒေါ်စန်းစန်းမော်၊ ဦးဇော်ထွန်းအောင် - ဒေါ်နွယ်နွယ်မြ၊ ဒေါ်စန်းစန်းတင်(မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း)တို့၏အစ်မ၊မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၂၁(A)၊ ဒေါ်လှပန်းလမ်းနေ ဦးခင်မောင်စိုး (Second Engineer, Monsoon Shipping Co.,)၏ဇနီး၊ မောင်စည်သူစိုး၊ မသင်္ဂီစိုး (ဒုနှစ်၊ ရူပ၊ အဝေးသင်)တို့၏ မိခင်သည် ၅-၇-၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁:၂၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ ၂၁(A)၊ ဒေါ်လှပန်းလမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဉာဏ
မြို့နယ်သြဝါဒါစရိယဆရာတော်
ထားဝယ်ရဟန်းတော်များအသင်း၏သြဝါဒါစရိယဆရာတော်
သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဓမ္မပါလကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက၊ မြို့နယ်သြဝါဒါစရိယ၊ ထားဝယ်ရဟန်းတော်များအသင်း၏သြဝါဒါစရိယ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဉာဏ ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက် (၂၈-၆-၂၀၀၄ရက်) တနင်္လာနေ့ ညနေ ၃:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ ရက်(၈-၇-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ဓမ္မပါလကျောင်းတိုက်ကြီးအတွင်း၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

လွမ်းဆွတ်သတိရခြင်း
ဦးလှမြင့်စိန်
မြို့နယ်ပညာရေးမှူး(ငြိမ်း) (မြိုင်/မုံရွာ)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၇-၇-၂၀၀၄ရက်တွင် (၁၀)နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် လွမ်းဆွတ်သတိရဆဲဖြစ်ပါသည်။ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုအတွက် အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါ။

ချစ်ဇနီး-ဒေါ်ကြူကြူနှင့်သားသမီးမြေးတစ်စု
စိန်ရတနာပုံနှိပ်တိုက်(မုံရွာမြို့)။

ဦးကျော်
ရဲအုပ်(ငြိမ်း)၊သတင်းတပ်ဖွဲ့
အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်ဂရူမေ)တို့၏သား၊ ရန်ကုန်တိုင်း၊ ရန်ကင်း၊ ၁၂ လုံးတန်း၊ တိုက် ၂၀၄၊ အခန်း ၁၀ နေ ဒေါ်လှတင်၏ခင်ပွန်း၊ တာချီလိတ်မြို့နေ (ဦးခင်)-ဒေါ်နန်းလှိုု၊ ဒေါ်မခင်၊ ဦးစောမောင်-ဒေါ်စောခင်(မောင်တော)တို့၏အစ်ကိုကြီး၊ ဦးတင်ဦး-ဒေါ်သီသီလွင်၊ ဦးအုန်းကျော်-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးလှမြင့်)-ဒေါ်ကြည်ကြည်သန်း၊ ဒေါ်လှလှမြင့်၊ (ဦးစောမြသိန်း)-ဒေါ်မိမိအေး (စီးပွားရေးတက္ကသိုလ်)၊ ဦးလှထွေး-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက် တို့၏အဘိုးသည် ၆-၇-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်စောရီ (ဒေးဒရဲ၊တော်ဖရုံ)
အသက်(၇၇)

ဒေးဒရဲမြို့နယ်၊ တော်ဖရုံကျေးရွာနေ (ဦးဖိုးကျင်-ဒေါ်စိန်ထား)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၉)ရပ်ကွက်၊ စိန်ပဒေသာလမ်း၊ အိမ်အမှတ် ၉၂၆ နေ ဦးမြသိန်း(ခ)ဦးတင်သိန်း၏ဇနီး၊ ဦးထိပ်တင်ဒွေး-ဒေါ်တင်မာအေး(မူလတန်းကျောင်းအုပ်၊လှည်းကူး၊ အဝိုင်းကျွန်း)၊ ဦးမောင်မောင်ကြည်-ဒေါ်မာလာအေး၊ ဦးနေဝင်း(Resource Enginering Service)-ဒေါက်တာနီလာအောင် (လ/ထ ကထိက၊ ဇီဝကမ္မဗေဒဌာန၊ ဆေး-၁၊ ရန်ကုန်)တို့၏မိခင်၊ မဌေးဌေးငြိမ်း၊ မဖြူဖြူသန့်၊ မောင်မောင်လင်းတို့၏အဘွားသည် ၅-၇-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၅ နာရီတွင် သဃ်န်းကျွန်း(စံပြ)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။[ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်နှင့် အမှတ် ၂၇၇၊ ကျိုက္ကဆံလမ်း၊ တာမွေ နေအိမ်တို့မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးခင်မောင်စူး (စော်ဘွားကြီး)
အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ လသာမြို့နယ် (ဦးကာဟိုး-ဒေါ်နီ)တို့၏သား၊ ဦးခင်မောင်ကြူ-ဒေါ်ခင်မေဝင်းတို့၏ညီ၊ ဦးစိုးလွင်-ဒေါ်ခင်ခင်ရှမ်း၊ ဒေါ်ခင်ယုဝေ၊ ဒေါ်ခင်နှင်းယု၊ (ကိုခင်မောင်ကြည်)-ဒေါ်မိုးမိုးကြည်တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာဥယျာဉ်၊ တိုက် စီ-၉၊ အခန်း ၂၀၂၊သဃ်န်းကျွန်းမြို့နယ်၊ ဈ/တောင်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၃၆၉ နေ ဦးခင်မောင်စူးသည် ၆-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းရွှေ (ရမည်းသင်း)
(ဘီသုံးလုံးပွဲရုံ၊ ရွှေမြင်း)
အသက်(၈၀)

ရမည်းသင်းမြို့၊ဝါတိုးဈေးကုန်းရပ်၊ သီလဝလမ်းနေ ဒေါ်မြသစ်၏ခင်ပွန်း၊ ဦးကြည်ရှိန်-ဒေါ်ခင်ချိုချို၊ ဟားခါးမြို့နေ ဦးကျော်ဝင်း-ဒေါ်ခင်နွဲ့၊ ဒေါ်ခင်မြင့်ကြူ၊ ဦးကျော်မင်း-ဒေါ်ပြုံးကြည်၊ ပြင်ဦးလွင်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်မြင့်မို၊ ဦးမောင်မောင်-ဒေါ်ခင်သန်းနု၊ ရန်ကုန်မြို့နေ ဦးမြသန်း-ဒေါ်ဖြူဖြူသက်၊ ဦးအောင်ကျော်စိုး - ဒေါ်နွယ်နွယ်လှိုင်၊ ဦးသန်းစိုး-ဒေါ်နီလာခိုင်တို့၏ဖခင်၊ မြေး ၁၉ ယောက်တို့၏အဘိုးသည် ၄-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၀၄ရက် ညနေ ၃:၃၀ နာရီတွင် ရမည်းသင်းမြို့ မြောက်သုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်လှဝင်း (ရွှေတောင်မှော်)
အသက်(၇၈)နှစ်

ရွှေတောင်မှော်နေ (ဦးဘိုးချန်-ဒေါ်မယ်ဟန်)တို့၏သမီး၊ အခန်း ၆၊ တိုက် ၅၇၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းနေ (ဦးတင်စန်း)၏ဇနီး၊(ဒေါ်မရီ)၊ဒေါ်ထယ်၊ ဦးလှတင်-(ဒေါ်အုန်းစိန်)တို့၏ ညီမ၊ ဦးတင်ဝင်း(ပါမောက္ခ၊ မြန်မာစာဌာန၊ ကလေးတက္ကသိုလ်) - ဒေါ်ခင်ဆွေမြင့်(မုံရွာ၊ ရေနံ)၊ ဦးဌေးဝင်း-ဒေါ်အေးအေးစိုး၊ ဦးမျိုးဝင်း - ဒေါ်ခင်ညိုစန်း(အကောက်ခွန်)၊ ဦးဌေးလင်း၊ (ဦးဝင်းမြင့်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးစံလှဖို-ဒေါ်အေးအေးမြင့်၊ ကိုသန်းလွင်ထွန်း-မမာမာအေး၊ မသိမ့်သိမ့်မွန် (၃-နှစ်၊ သွားတုသင်တန်းကျောင်း)တို့၏ မိခင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးအောင်ကြည်စိန်-ဒေါ်ထားထား၊ (ကိုသက်ဇော်ဦး)တို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၅-၇-၂၀၀၄ရက် (တနင်္လာနေ့) ညတွင်ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်မော် (မော်လီပွင့်)
M.A English.
တွဲဖက်ပါမောက္ခ(ငြိမ်း)
အင်္ဂလိပ်စာဌာန
(ယခင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်)
အသက်(၇၁)နှစ်

အရေးပိုင်(ဦးအောင်ပွင့်-ဒေါ်မိမိကြီး) (ပျဉ်းမနား)တို့၏သမီးထွေး၊ (ဒေါ်ညွန့်ညွန့်ရီ)၊ (ဒေါ်ကြည်ကြည်ခင်)၊ ဒေါ်ရင်ရင်မြတို့၏ညီမထွေး၊ အမှတ် ၅၂၂(စီ)၊ အဝေယာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးကျော်ဝင်း(တိုင်းဦးစီးမှူး၊ လဝက၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဝင်းမော်(ILBC)၊ ဒေါ်ခင်အေးဝင်း (Diethelm & Co., Ltd.)၊ ဦးဝဏ္ဏကျော်ဝင်း(2^{nd} E-FG) - ဒေါ်ခင်မာလာ၊ ဦးဗလကျော်ဝင်း(2^{nd} Mate FG)တို့၏မိခင်သည် ၆-၇-၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ပီပီပြင်ပြင်အကောင်အထည်ဖော် ဌာနဆိုင်ရာများ ဒေသပြည်သူများ၏လိုအပ်ချက်သိမြင်နားလည်ပြီး ဖြည့်ဆည်းပေး

ရန်ကုန် ဇူလိုင် ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရမည်းသင်းမြို့သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ✻



ကျေးလက်ဒေသရေရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကျေးရွာပေါင်းတစ်သောင်းကျော်မှ ပြည်သူကိုးသန်းကျော် ရေရရှိနေပြီ

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ညောင်ပင်သာကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်အောင်မြင်ရာ ဝမ်းသာအားရဖြစ်နေသော ကျေးလက်ပြည်သူများ။ (နယ်စပ်/စည်ပင်)

သတင်းဆောင်းပါး - မောင်ဘဖေ(ဥဿာ)
ဓာတ်ပုံမှတ်တမ်း - နယ်စပ်/စည်ပင်

ရန်ကုန် ဇူလိုင် ၆

နိုင်ငံတော်၏ ၁၂ရာခိုင်နှုန်းသော အကျယ်အဝန်းတွင် နေထိုင်လျက်ရှိကြပြီး တစ်နိုင်ငံလုံး၏လူဦးရေ ၂၀ရာခိုင်နှုန်းကျော်ရှိသည့် ကျေးလက်ပြည်သူတို့သည် သန့်ရှင်းသောသောက်သုံးရေ မရရှိသဖြင့် နေ့စဉ်တွေ့ကြုံနေကြရသော လူမှုဒုက္ခအပေါင်းတို့မှ လွတ်ကင်းစေရေး ဒါနပြုရင်း နိုင်ငံ့တာဝန်ထမ်းဆောင်ရသည်မှာ ရတောင့်ရခဲသော အခွင့်ထူးကြီးတစ်ရပ်ပင်ဖြစ်ပေသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပ

ဇူလိုင် ၆ ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အဝေးပြေးလမ်းပေါ် လေယာဉ်ငယ်ဆင်း

လေ့ကျင့်ပျံသန်းရေးလေယာဉ်ငယ်တစ်စင်းသည် ဘေရွတ်မြို့ရှိ အသွားအလာရှုပ်ထွေးသော အဝေးပြေး လမ်းမကြီးတစ်ခုပေါ်တွင် ဇူလိုင်၃ရက်က အရေးပေါ်ဆင်းခဲ့ရသည်။**(ယာပုံ)** လေယာဉ်မှူးသည် လေယာဉ်ပြတင်းပေါက်မှ ခေါင်းပြူထွက်ကာ ယာဉ်အသွားအလာများကို အော်ဟစ်ပြီး ရပ်တန့်ခိုင်းခဲ့ရသည်။ လေယာဉ်မှူးနှင့် သင်တန်းသားနှစ်ဦးလုံးထိခိုက်ဒဏ်ရာရခြင်း မရှိပေ။

(အင်တာနက်)

ဝက်နှင့်ကျား အတူထား

ဗန်ကောက် အရှေ့ဘက်တွင်ရှိသော ဆီရာချာတိရစ္ဆာန်ရုံဥယျာဉ်သည် ဝက်များကဲ့သို့ အိမ်မွေးတိရစ္ဆာန်များနှင့် ကျားများကဲ့သို့ ရိုင်းစိုင်းသော တိရစ္ဆာန်များကို ငယ်စဉ်ကပင် သဟဇာတဖြစ်အောင် အတူနေရန် လေ့ကျင့်ပေးခြင်းဖြင့် တိရစ္ဆာန်ရုံသို့ လာရောက်လည်ပတ်သူ ပိုမိုလာအောင် ကြိုးပမ်းလျက်ရှိသည်။

(ယာပုံ)မှာ အိပ်ပျော်နေသော ကျားနှင့်အတူရှိနေသော ဝက်ပေါက်လေးအား ဇူလိုင် ၂ ရက်က တွေ့ရပုံဖြစ်သည်။

(အင်တာနက်)